မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါး တို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၂၇)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္ဂနွေနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ် အကြီးအကဲမစ္စတာဗလာဒီစလပ်ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပပြုလုပ်မည့် တူဗားပြည်နယ်အစိုးရအဖွဲ့အိမ်တော်သို့ရောက်ရှိရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရော်ဘန်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့်

စာမျက်နှာ ၁၇ ကော်လံ ၁ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇။
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ

ဆောင်းပါး

တူယှဉ်လျှောက်လှမ်း အနာဂတ်လမ်းသည် ကောင်းကျိုးကိုယ်စီတည်နေဦးမည်သာ

စာ - ၁၁ သို့

နိုင်ငံတော်သမ္မတ၏ဇနီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

စာ - ၅ သို့

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ (မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

စာ - ၆ သို့

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ **(မိုး/၈လ)**

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၃ ရက်)

နှစ်နိုင်ငံကြားရှိ ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုများမှတစ်ဆင့် . . .

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ပထဝီအနေအထားအရအလှမ်းကွာဝေးပေမယ့် သံတမန်ဆက်သွယ်ထားသည့်ဆယ်စုနှစ်သုံးခုနီးပါးကာလတွင် အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့အပေါ် အခြေခံထားသောဆက်ဆံရေးကို တည်ဆောက်ထားနိုင်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၅ ခုနှစ်မတ်လတွင် ဘယ်လာရုစ်နိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပြီး နိုဝင်ဘာလတွင် ဘယ်လာရုစ်သမ္မတကြီးကလည်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြန်လည်လာရောက်ခဲ့သည်။ ယခုအခါ ဘယ်လာရုစ်သမ္မတကြီး၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ်ရောက်ရှိခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းတွင် အလွန်ထူးခြားလေးနက်သည့်နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ၊ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့တက်ရောက်ဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့်လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာ ၉ ခုကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစာချွန်လွှာ ၉ ခုတွင် မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကို အဝေးမှ အာရုံခံစောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ်တစ်စင်း တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့် မှတ်တမ်းလွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Belarusian State University တို့အကြား သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research (BISR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာတို့သည် မြန်မာပြည်သူများ၏မျှော်လင့်နေသောအိပ်မက်များ အမှန်တကယ်အကောင်အထည်ပေါ်လာတော့မည့် စာချွန်လွှာများအဖြစ် ပြည်သူများဝမ်းသာအားရဖြစ်ကြရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် ဩဂုတ်လ ၂၁ ရက်တွင် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုကပြောကြားရာတွင် **"ကျွန်တော်တို့ဒီနေ့ဆွေးနွေးခဲ့တာတွေနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့အတွက်လည်း ဘယ်လာရုစ်ဘက်က အဆင်သင့်ရှိကြောင်းလည်း ပြောလိုပါတယ်။ လက်ရှိတိုးတက်နေတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို အထောက်အကူပြုသွားမယ်လို့လည်း ပြောလိုပါတယ်။ လက်ရှိ၂၁ ရာစုမှာ နိုင်ငံရေးသဘောတရားတွေ အများကြီးပြောင်းလဲနေပေမယ့်လည်း ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာရှိတဲ့ ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုကြောင့် နိုင်ငံရေးအရရော၊ စီးပွားရေးအရရော ကဏ္ဍပေါင်းစုံမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်"** ဟူ၍ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြောကြားရာတွင် **"မြန်မာနိုင်ငံဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ချိတ်ဆက်ထားတဲ့ ကုန်းမြေနယ်မြေ ပေါင်းကူးတံတားတစ်ခုသဖွယ်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုတို့ကို ဆက်စပ်ပေးထားတဲ့အတွက် ပင်လယ်ရေကြောင်း ပို့ဆောင်ရေးမှာ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ စိုက်ပျိုးမြေ ဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အား နဲ့ ၁၂ လရာသီပတ်လုံး စိုက်ပျိုးမွေးမြူရေးလုပ်လို့ရတဲ့ ကောင်းမွန်တဲ့ရာသီဥတုရှိပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုစတဲ့ကဏ္ဍတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေအနက် စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့က သီလဝါအထူးစီးပွားရေးဇုန်မှာ ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

အနှစ်ချုပ်ဆိုရသော် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုမှာ ပိုမိုခိုင်မြဲလျက်ရှိပြီး နှစ်နိုင်ငံကြားရှိ ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုများမှတစ်ဆင့် ကောင်းကျိုးစီးပွားပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

ဆီထွက်သီးနှံ မိုးနှမ်းများ အောင်မြင်ဖြစ်ထွန်း

နတ်မောက် ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံများ စိုက်ပျိုးထားရာအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုအချိန်တွင် ဆီထွက်သီးနှံမိုးနှမ်းများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်းသိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးဦးမိုးရွာသွန်းပြီဆိုပါက နှမ်း၊ မြေပဲများကို အဓိကထားစိုက်ပျိုးကြပြီး သီးနှံသုပ်သီးနှံဖြစ်သည့် နေကြာ၊ ပဲစင်းငုံများကိုလည်း စိုက်ပျိုးကြသည်။ နှမ်းစိုက်ပျိုးရာတွင် မိုးဦးရာသီဖြစ်သည့် မေလတွင်လည်းကောင်း၊ ဆောင်းသီးနှံအဖြစ်လည်းကောင်း၊ နွေနှမ်းအဖြစ်လည်းကောင်း တောင်သူအများစုက စိုက်ပျိုးကြပြီး ယခုအချိန်တွင် မိုးဦးနှမ်းများ ရင့်မှည့်နေပြီဖြစ်သောကြောင့် နှမ်းများ ရိတ်သိမ်းနေခြင်းဖြစ်သည်။

နတ်မောက်မြို့နယ်ရှိ တောင်သူအများစုသည် ချုံကျော်၊ ခွေးလေးနီနှမ်းများကို အဓိကထားစိုက်ပျိုးကြပြီး သက်တမ်းတိုနှမ်းမျိုးများကိုလည်း စိုက်ပျိုးကြကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ နှမ်းမျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန် ကွင်းဆင်း၍ တောင်သူအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိစေရေး ဆောင်ရွက်သွားမည်ဆိုပါကပြည်တွင်းစားသုံးဆီဖူလုံမှုကိုများစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **မူမူစန်း**

အုတ်တွင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

အုတ်တွင်း ဩဂုတ် ၂၂

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုကိုပိုမိုလက်လှမ်းမီပြီး ၎င်းတို့၏ကျန်းမာရေးအဆင့် တိုးတက်မြင့်မားလာစေရန် ရောဂါရှိသော်လည်း ရောဂါလက္ခဏာမပြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများတွင်ရောဂါရှာဖွေစစ်ဆေးခြင်းဖြင့်ရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိ ကုသနိုင်ပြီး ပိုမိုပြင်းထန်သောရောဂါများနှင့် နောက်ဆက်တွဲပြဿနာများကို ရှောင်လွှဲနိုင်စေရန်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျစိုက်ထုတ်ရမှုလျော့ကျစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဩဂုတ်လ ၂၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးအဖွဲ့များက အုတ်တွင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပဏာမကျန်းမာရေးစစ်ဆေးခြင်း၊ အခြေခံရောဂါရှာဖွေ စမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စနစ်တကျလွှဲပြောင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးသည်။

ထို့ပြင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ အဖွဲ့ဝင်များက အာဟာရပြည့် Royal D အချိုရည်ဘူးများ ဝေငှပေးကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၀၇:၄၀ မြန်မာသံစဉ်ချိန်းဝင်
၅။ ၀၈:၅၀ မောင်မယ်လေးများသိစေချင်
၆။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၇။ ၁၁:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား
၈။ ၁၁:၂၀ အတွေးအမြင်
၉။ ၁၃:၁၀ လေးစားအတုယူစံနမူနာ သူရဲကောင်းများ
၁၀။ ၁၃:၄၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၁၁။ ၁၄:၂၅ Music Gallery
၁၂။ ၁၅:၂၅ Sharing Knowledge
၁၃။ ၁၅:၄၀ ဇာတ်လမ်းတို
၁၄။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မေတ္တာပေါင်းကူး အလှထူးစေ သရုပ်ဆောင်-လင်းဇေကျော်၊ မုဇော်၊ ရွှေမိုး၊ ဝါဝါလွင် ဒါရိုက်တာ-ဟန်စိုး(မြစ်ကျိုး)**
၁၅။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

Online Newspaper

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးရဲစိုးအောင်

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၅၊ ၈၄ လမ်း၊ ၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၀၁၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီ စောင့်ရှောက်မှုများဆောင်ရွက်ပေးလျက် ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ မဟာ အောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ဓမ္မပါလဓမ္မာရုံ၌ အခြေပြု၍ အဆိုပါ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသ ရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံ ပြည်သူ ၁၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက် ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ် ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုစဉ်။



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ လာရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ပြတိုက်တာဝန်ရှိသူက ပြခန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန် ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ စိတ်ကို ကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင် စေရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူ များအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ခေတ်အေး)မှ ကျောင်းသား၊ ကျောင်းသူ များနှင့် ဆရာ၊ ဆရာမများသည် စိတ်အား ထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်း ပြတိုက် (နေပြည်တော်) သို့ လာရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှု ကြသည်။ ဆက်လက်၍ ပြတိုက်တာဝန် ရှိသူက ပြတိုက်၏ သမိုင်းနှင့်ပြခန်းများ အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ သည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်း များကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိ လိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်း ကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။ ထို့ပြင် ပြင်ပ ပြကွက်များတွင် ခင်းကျင်းပြသထားသည့် ပြကွက်များကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြ သည်။

ယခုကဲ့သို့ လေ့လာရေးခရီးစဉ် စီစဉ် ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူ များသည် နိုင်ငံတော်နှင့် တပ်မတော်၏ သမိုင်းကြောင်းများကို မှန်ကန်စွာသိရှိ နားလည်စေခြင်း၊ တပ်မတော်အကြီးအကဲ များ၏ တပ်မတော်နှင့် နိုင်ငံတော်အပေါ် ထားရှိသော စေတနာနှင့်ရှေ့ဆက် ဆောင်ရွက်မည့်ရည်မှန်းချက်များကို သိရှိ စေခြင်း၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက် ချက်များ၊ တည်ဆောက်မှုများနှင့် တီထွင် ဆန်းသစ်မှုများကို လေ့လာခွင့်ရရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက် လာပြီး အားကျအတုယူလိုစိတ်များဖြစ်ပေါ် လာစေခြင်း၊ ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သား နားလည်မှု စွမ်းရည်တိုးတက်လာပြီး ပတ်ဝန်းကျင်ရှုခင်းများ ကြည့်ရှုရင်း စိတ်ကြည်လင် လန်းဆန်းမှုရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများပိုမိုအားကောင်း လာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိ စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။





လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏စကားသံများကိုလည်း ယခု ကဲ့သို့ ကြားသိရပါတယ်–

“ကျွန်တော် ပထမဦးဆုံး ဒီစစ်သမိုင်း ပြတိုက်ကိုရောက်တော့ ဒီကတာဝန်ရှိသူ တစ်ဦးက စစ်သမိုင်းပြတိုက်ဖြစ်ပေါ်လာတဲ့ အကြောင်းတွေ ရှင်းပြတယ်။ ရှင်းပြပြီးတော့ စစ်သမိုင်းပြတိုက်သမိုင်းနဲ့ ပတ်သက်တဲ့ ဗီဒီယိုကိုပြသပေးခဲ့ပါတယ်။ ကျွန်တော်တို့ အရှေ့ပိုင်းမှာ ဆေးဘက်ဆိုင်ရာတွေလေ့လာ ခဲ့တယ်။ စက်မှုနဲ့အင်ဂျင်နီယာပိုင်းဆိုင်ရာ တွေလည်း အများကြီးလေ့လာခဲ့တယ်။ ကျွန်တော်တို့က စစ်သမိုင်းပြတိုက်ကို အခုမှ ရောက်ဖူးတာပါ။ ကျွန်တော်တို့ နိုင်ငံရဲ့ အခြေခံသမိုင်းကြောင်းတွေသိရတဲ့အပြင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့တဲ့ ကျွန်တော် တို့ရဲ့ ခေါင်းဆောင်ခဲ့တဲ့ လူကြီးတွေကိုလည်း သေသေချာချာသိခဲ့ရတယ်။ အခုလို လာရောက် လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေ အတွက်အသိပညာဗဟုသုတတွေအများကြီး တိုးပွားအောင် ယခုလို လိုက်ပါပို့ဆောင် ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါ တယ်”ဟုပြောသည်။

“အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို နိုင်ငံတော်အကြီးအကဲတွေရဲ့အစီအစဉ်နဲ့ လာရောက်လေ့လာရတဲ့အခါမှာ မြန်မာ နိုင်ငံတော်ကို အုပ်ချုပ်သွားတဲ့သူတွေရဲ့ အတ္ထုပ္ပတ္တိတွေရယ်၊ သူရဲကောင်းတွေရဲ့ အတ္ထုပ္ပတ္တိတွေရယ်၊ လေယာဉ်အကြောင်း တွေ စသဖြင့် သိရှိခဲ့ရပါတယ်။ တော်တော် လည်း လေ့လာပြီးတော့ သိရှိခဲ့ရပါတယ်။ ဗဟုသုတတွေလည်း တော်တော်များများ ရရှိခဲ့ရပါတယ်။ အဲ့ဒါကြောင့်နိုင်ငံတော်ရဲ့ အကြီးအကဲတွေကိုလည်း သမီးတို့ရဲ့ ကျောင်းသား၊ ကျောင်းသူတွေအကုန်လုံးက ကျေးဇူးအထူးတင်ရှိပါတယ်”ဟုပြောသည်။

(၁၀၀)

၂၂-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ **(မိုး/၈လ)**



ဘိလိယက် / စနူကာနှင့် အရိုးဗစ်လေ့ကျင့်ခန်းအားကစားနည်းများ အခြေခံနှင့်အဆင့်မြင့်သင်တန်းဖွင့်လှစ်

မြစ်ကြီးနား သြဂုတ် ၂၂

၂၀၂၆ ခုနှစ် ဘိလိယက်/ စနူကာနှင့် အရိုးဗစ်လေ့ကျင့်ခန်းအားကစားနည်းများ အခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ရှိ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းများတွင် ဘိလိယက်နှင့် စနူကာ အားကစားနည်းအတွက် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး၊ အရိုးဗစ်အားကစားနည်းအတွက် သင်တန်းသူ ၉၀ ဦးတို့ကို ပြည်နယ်မှနည်းပြများက လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားပြီး သင်တန်းနှစ်ခုမှ သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းဝတ်စုံများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် သြဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းနယ်မြေရဲစခန်းမှူး ရဲအုပ်နှင့်အဖွဲ့သည်လည်းကောင်း၊ ထန်းတပင်မြို့နယ် ဘောလည်ရဲစခန်းမှူး ဒုတိယရဲအုပ်နှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲအုပ်နှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှဒုတိယရဲအုပ်နှင့်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးခြင်း၊ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယမန်နေ့ညပိုင်းကလည်း ဒဂုံဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်နှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်နှင့်ပူးပေါင်းအဖွဲ့သည်လည်းကောင်း ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်းနှင့် Bar ဆိုင်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်သူ**

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၁·c
ရန်ကုန်	၂၄·c	/	၃၃·c
မန္တလေး	၂၆·c	/	၃၄·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဝိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင်စွာ အသက်ရှည်ရှည်နေထိုင်နိုင်ရေး ကျန်းမာရေးစောင့်ရှောက်မှုပေး



ပြည် သြဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင်စွာ အသက်ရှည်ရှည် နေထိုင်နိုင်ရေးရည်ရွယ်၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံများ၌ လစဉ်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ ထောက်ပံ့ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၄၅)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ ခုတင် - ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ၆ ထပ်ဆေးကုသဆောင်သစ်၌ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကြည့်ရှုအားပေးသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကဏ္ဍအလိုက် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်း ဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကြက်ဥ၊ ဆီနှင့် တိုင်းရင်းဆေးများ ပေးဝေကုသိုလ်ပြုကာ လစဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သော ဆေးဝါးများ လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

ပိုလ်လုပွဲ ပထမအကျော့တွင် ဗီယက်နမ်က အိမ်ရှင်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရ



ရန်ကုန် သြဂုတ် ၂၂

အာဆီယံ Hyundai Cup 2026 ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ကို ယနေ့ ည ၇ နာရီခွဲတွင် ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဗီယက်နမ်အသင်းက အိမ်ရှင်ထိုင်းအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိစံချိန်ဖြင့် ဗိုလ်လုပွဲသို့တက်ရောက်လာခဲ့သည့် ဗီယက်နမ်အသင်းသည် ယနေ့ပွဲစဉ်တွင် အဝေးကွင်း၌ အရေးပါသော အနိုင်ရလဒ်နှင့်အတူ အသာစီးရယူနိုင်ခဲ့သဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် အလားအလာကောင်းသွားခဲ့ပြီဖြစ်သည်။

ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက ထိရောက်သည့်ထိုးဖောက်မှုများဖြင့် ထိန်းချုပ်ကစားခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် ငုယင်ဟိုင်လောင်းက ဗီယက်နမ်အသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။

ပွဲချိန် ၆၉ မိနစ်တွင် ဒုတိယဦးဆောင်ဂိုးကို တိုက်စစ်မှူး ငုယင်ကွမ်ဟိုင်က ထပ်မံသွင်းယူပေးခဲ့သဖြင့် အိမ်ရှင်ထိုင်းအသင်းကို ပွဲအပြီးတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင်ထိုင်းအသင်းသည် ပထမပိုင်းတွင် ဖိအားပေးကစားနိုင်ခဲ့သလို ဂိုးပေါက်ကန်သွင်းခွင့်များရရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း ချေပဂိုးပြန်လည်ရရှိရေး ထပ်မံကြိုးစားခဲ့သော်လည်း ဗီယက်နမ်အသင်း၏ ခံစစ်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ ဗီယက်နမ်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိစံချိန်နှင့် ဆီမီးဖိုင်နယ်တွင် မလေးရှားကို နှစ်ကျော့ပေါင်း ၄-၀ ဂိုးဖြင့်အနိုင်ရကာ ဗိုလ်လုပွဲတက်လာခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ထိုင်းအသင်းသည် အုပ်စုပွဲစဉ်အားလုံးအနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်တွင် စင်ကာပူကို နှစ်ကျော့ပေါင်း ၄-၃ ဂိုးဖြင့် အနိုင်ရယူကာ ဗိုလ်လုပွဲသို့တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး၏အဆုံးအဖြတ်ပွဲဖြစ်လာမည့် ဒုတိယအကျော့ဗိုလ်လုပွဲစဉ်ကို သြဂုတ်လ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။ **နေမျိုး၊ ဓာတ်ပုံ-AUF**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံကျောင်းပေါင်းစုံ U14/U18 ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

ဟိုပုံး သြဂုတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံကျောင်းပေါင်းစုံ U14/U18 ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့မအားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက Fitness Dance Asia Myanmar သီချင်းဖြင့် သရုပ်ပြဖျော်ဖြေကြကာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကိုယ်စားပြုနယ်မြေ (၁) ဘောလုံးအသင်းနှင့် စငါအခြေခံပညာအထက်တန်းကျောင်းကိုယ်စားပြုနယ်မြေ (၅) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို သြဂုတ်လ ၂၁ ရက်မှ ၃၀ ရက်အထိ အသင်းပေါင်းကိုးသင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

နိုင်ငံတော်သမ္မတ၏ဧနီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့်အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် သြဂုတ် ၂၂

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဧနီး ဒေါ်ကြူကြူလှတက်ရောက်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများ၊ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များ ကြွရောက်ကြပြီး ဒုတိယသမ္မတ(၁)၏ဧနီး ဒေါ်စမ်းစမ်းအေး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ဧနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဧနီး၊ သုံးကြိမ်ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ထို့နောက် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများက အလှူရှင်များအား မေတ္တာပို့လက်ဝါးများရွတ်ဆို၍ ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ဧနီးသည် ပုဗ္ဗသီရိမြို့နယ်ရှိ ပြင်ကြီးသာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီနှင့် ချမ်းမြေ့ဂုဏ်ဝေသီလရှင်ကျောင်း၊ အမရာဝတီပညာရေးစင်တာမှ ဒေါက်တာဒေါ်ဆေကဝတီတို့ထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ(၁)၏ဧနီး၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့၏ဧနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဧနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဧနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ဧနီးများနှင့် တက်ရောက်လာကြသူ



နိုင်ငံတော်သမ္မတ၏ဧနီး ဒေါ်ကြူကြူလှ ပုဗ္ဗသီရိမြို့နယ်ရှိ ပြင်ကြီးသာသနာ့ဝေပုလ္လသီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ(၁)၏ဧနီး ဒေါ်စမ်းစမ်းအေး သာသနာနွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဧနီး သာသနာနွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဧနီး သာသနာနွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဧနီး သာသနာနွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဧနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ဧနီးများ၊ ညွှန်ကြားရေးမှူး(ကြည်း၊ ရေ၊ လေ)၏ဧနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဧနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဧနီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်များက သရဏဂုံသုံးပါးပါဠိနှင့် မေတ္တာပို့လက်ံာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆိုပွားများသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဧနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ဧနီးများ၊ ညွှန်ကြားရေးမှူး(ကြည်း၊ ရေ၊ လေ)၏ဧနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဧနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဧနီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဧနီးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် အလှူဒါနမြတ်ဘာဂကို သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပြု၍ ကုသိုလ်ပြုအမျှပေးဝေကြသည်။

ဆက်လက်၍အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု”သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပပြုလုပ်သည့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်း ၆၄ ကျောင်းတို့မှ သီလရှင် ၁၄၇၄ ပါးတို့အတွက် ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၆၂၇၃၄၀ ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဧနီး သာသနာနွယ်ဝင်သီလရှင်ဆရာကြီးတစ်ပါးထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ (မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

မန္တလေး သြဂုတ် ၂၂

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ-၂၀၂၆ (မန္တလေး) (Tastes of the Golden Land 2026 Mandalay) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါ်နန်းနီနီအေးတက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုပြည်တစ်ခွင်” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်၊ မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးမြှင့်တင်ဆွဲဆောင်နိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီတည်ခင်းဧည့်ခံနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲကြီးတွင် အဖွင့်အမှာစကားပြောကြားရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး
ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (မန္တလေး)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ကောင်စစ်ဝန်ချုပ်ရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်ညီနောင်အသင်းများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် အချက်အပြုတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “စားဖွယ်စုံလင်နိုင်ငံတကာခရီးသွားလုပ်ငန်းနယ်ပယ်တွင် အစားအသောက်နှင့်ပတ်သက်သည့် ခရီးသွားလုပ်ငန်းပုံစံများ ရေပန်းစားလာခြင်းနှင့်အတူ တိုင်းရင်းသားပေါင်းစုံတို့စုစည်းနေထိုင်ကြသည့် မိမိတို့နိုင်ငံတွင်လည်း ဒေသအလိုက်၊ လူမျိုးအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုများရှိသကဲ့သို့ ထူခြားပြီးဆွဲဆောင်မှုရှိသည့် အစားအစာပုံစံမျိုးစုံလည်းရှိနေပါကြောင်း၊ ယင်းသည် ယနေ့နိုင်ငံတကာတွင် ခေတ်စားနေသည့် Gastronomy Tourism ကို မိမိတို့နိုင်ငံ၌ ဆောင်ရွက်နိုင်ရန်အလားအလာကောင်းများများစွာရှိနေသည်ဟုဆိုနိုင် ပါကြောင်း၊ ယခုလို မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲများစီစဉ်ကျင်းပခြင်းသည် မြန်မာတို့၏ ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီတည်ခင်းဧည့်ခံနိုင်ရန်အပြင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာကသိအောင် မြှင့်တင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလိုအစီအစဉ်များကို လုပ်သင့်လုပ်ထိုက်သည့်နေရာများတွင် နှစ်စဉ်ကျင်းပပြုလုပ်နိုင်ရန် အစီအမံများ စနစ်တကျပြင်ဆင်ပြီး နောင်နှစ်များတွင် နိုင်ငံတကာခရီးသွားများကိုပါဖိတ်ခေါ်နိုင်ညီသည်အထိ ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ မန္တလေးမြို့၌ ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့်ပြပွဲသည် ရန်ကုန်တွင် ပြုလုပ်ခဲ့သည့်ပွဲ၏ အောင်မြင်မှုကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ပြီး အထက်မြန်မာဒေသ၏ ထူးခြားသည့် ရိုးရာဟင်းလျာများ၊ ဒေသထွက်ကုန်များနှင့် ခေတ်မီအချက်အပြုတ်ဖန်တီးမှုများကို ပိုမိုကျယ်ပြန့်စွာ ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းဝပ်တည်ရှိရာ မြန်မာ့အနုပညာနှင့် လက်မှုပညာတို့၏ ဗဟိုချက်မဖြစ်သည့် ယဉ်ကျေးမှုမြို့တော် မန္တလေး၌ ဒုတိယအကြိမ်အဖြစ်ဆက်လက် ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်စီစဉ်ဆောင်ရွက်သည့်ဝန်ကြီးဌာနနှင့်အတူ ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်စားဖိုမှူးများ၊ အချက်အပြုတ်ဝါသနာရှင်များနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ရိုးရာအစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပါဝင်ဆောင်ရွက်ပေးသည့်အတွက် အထူးပင်ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာ့ရိုးရာအစားအစာများကို အနုပညာမြောက်စွာဖြင့် အရသာရှိရှိ တီထွင်ဆန်းသစ်ချက်ပြုတ်ခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာယဉ်ကျေးမှုကို ကမ္ဘာကသိအောင် မီးမောင်းထိုးပြနိုင်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်သည့်အခါတွင် မူလရိုးရာအရသာမပျောက်ပျက်စေရေး၊ ခေတ်မီဆန်းသစ်သည့် ပြသပြင်ဆင်မှုရှိစေရေး၊ သန့်ရှင်းလတ်ဆတ်မှုနှင့် ကျန်းမာရေးနှင့် ညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အကဲဖြတ်ဒိုင်လူကြီးများအနေဖြင့်လည်း စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျမျှမျှတတအကဲဖြတ်အမှတ်ပေးကြပြီး ဆုရရှိသင့်ရရှိထိုက်သည့် လက်ရာကောင်းများကို ရွေးချယ်ပေးကြရန် မှာကြားလိုကြောင်း၊ ပထမအကြိမ် ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သလို ယခုဒုတိယအကြိမ် မန္တလေးမြို့၌ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့်ပြပွဲကနေတစ်ဆင့် အထက်မြန်မာပြည်၏ ကြွယ်ဝလှသည့် ရိုးရာအစားအစာများ ပိုမိုထင်ရှားပေါ်လွင်လာပြီး မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အဓိကအထောက်အကူပြုနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်က မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (မန္တလေး) အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor နှင့် Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက Sliver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက Bronze Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။


ထို့နောက် ဒုတိယသမ္မတထံ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (မန္တလေး) အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင်ဆုရရှိကြသည့် စားသောက်ဆိုင်များနှင့် ဟိုတယ်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှရိုးရာအစားအစာများကိုပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ဩဂုတ်လ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစားအသောက်လုပ်ငန်းနယ်ပယ်မှဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးမည့် စကားဝိုင်းဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့(၁၁)ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၄၁ ခန်း ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

အာဆီယံအားကစားနေ့ ASEAN Sports Day အထိမ်းအမှတ် အားကစားလှုပ်ရှား ဆောင်ရွက်မှုအဖြစ် စုပေါင်းလမ်းလျှောက်၍အားကစားပြိုင်ပွဲများ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၂

(၅၉)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၆ ခုနှစ် အာဆီယံအားကစားနေ့ (ASEAN Sports Day) အထိမ်းအမှတ် အားကစားလှုပ်ရှားဆောင်ရွက်မှုအဖြစ် စုပေါင်းလမ်းလျှောက်ခြင်းနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးဦးညီညီနှင့် တက်ရောက်လာကြသူများနှင့်အတူ အာဆီယံအားကစားနေ့ (ASEAN Sports Day) အထိမ်းအမှတ်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘောလုံးကွင်းပတ်လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

ထို့ပြင် အားကစားလှုပ်ရှားဆောင်ရွက်မှုများအဖြစ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ကျား/မ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ အပြေးပြိုင်ပွဲမီတာ ၂၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများနှင့် ရိုးရာအားကစားနည်း ဖြစ်သည့် လွန်ဆွဲပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီးတွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သက်ဆိုင်ရာပြိုင်ပွဲအလိုက် ဆုရရှိခဲ့ကြသူများ၊ အာဆီယံနှင့်စပ်လျဉ်းသည့် ဉာဏ်စမ်းမေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သူများကို အမှတ်တရဆုလက်ဆောင်များ ပေးအပ်ကြပြီး (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် Gold Camp မှ မြားပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လေ့ကျင့်မှုတွင် ရမှတ်အများဆုံးရရှိသည့် Recurve နှင့် Compound အားကစားသမား နှစ်ဦးကို ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ



ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝန်တာနီမ့်ကျမ္မုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၂၂

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝန်တာနီမ့်ကျမ္မုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးအတွက် မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် လူအင်အားသုံး၍ နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် Steel Sheet Pileရိုက်သည့်စက်ရေယာဉ်တွဲများအပါအဝင် Stand Pipe အား ကရိန်းအသုံးပြု၍လည်းကောင်း၊ ပန်းတာရေဝင်လမ်းပိတ်ဆို့ကာကွယ်မည့် Geo-bagsချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့်လည်းကောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geo-bagsအား ရေယာဉ်အလယ်မှ ထိန်းချသည့် စက်ရေယာဉ်တွဲအပါအဝင် ရေယာဉ်ငယ်၊ သဲစက်လှေတွဲများဖြင့်လည်းကောင်း ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ကြည့်ရှုစစ်ဆေးပြီး ရေစီးဝင်လမ်းကြောင်း၏ ရေစီးနှုန်းပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေ၊ ရေဝင်လမ်းပိတ်လုပ်ငန်းနှင့် ပူးတွဲဆောင်ရွက်နိုင်ရန် ကျောက်ကြီးများအား ကြိုတင်စုဆောင်း၍ Barge တွဲဖြင့် လုပ်ငန်းခွင်သို့စီစဉ်သယ်ယူလျက်ရှိသည့်အခြေအနေနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များ၏ ဝန်တာနီမ့်ကျမ္မုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး အကြံပြုဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့ အမှတ်(၃) ရပ်ကွက်နှင့် သခွတ်ချောင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားသည်။

အလားတူ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းဆိုင်ရာများကို ကျန်းမာရေးအသိပညာပေးဟောပြောပြီး ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဖလမ်းမြို့ မြို့အဂ်ိရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဖလမ်း ဩဂုတ် ၂၂

ဖလမ်းမြို့ မြို့အဂ်ိရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများစုပေါင်း၍ ကလေး-ဖလမ်း-ဟားခါး လမ်းမကြီး၊ ဖလမ်းမြို့တွင်းလမ်းပိုင်း၊ ဗိုလ်ချုပ်လမ်းမတစ်လျှောက် လမ်းဘေးဝဲယာချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်ခြင်းတို့ကို ယနေ့ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသူများအား မုန့်နှင့် အချိုရည်များ ပေးအပ်ကြသည်။



အလားတူ တီးတိန်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌသည် တွန်းဇံမြို့သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ခေါဝုန်ရပ်ကွက်နှင့် လေးဆန်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်ခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေး

ပြည် ဩဂုတ် ၂၂

ပြည်ခရိုင်ဟူသည်လယ်ယာသုံးစက်ကိရိယာ၊ ဒေသထွက် လူသုံးကုန်နှင့် စားသုံးကုန်အမယ်မျိုးစုံ ထွက်ရှိသည့်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ နည်းပညာ၊ အရင်းအနှီးနှင့် စျေးကွက်ရရှိရေးတို့ကို နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့နံနက်ပိုင်းတွင် ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်မြင့်မားစေရေးအတွက် မိရိုးဖလာလုပ်ကိုင်မှုမှ ခေတ်မီနည်းပညာများနှင့် ဆန်းသစ်တီထွင်မှုများ ပြောင်းလဲဆောင်ရွက်သွားရန်၊ ပုံမှန်စျေးကွက်ရှာဖွေမှုမှ ဒီဂျစ်တယ်နည်းပညာကိုအသုံးချပြီး ပြည်ပစျေးကွက်အထိ ထိုးဖောက်နိုင်ရေး ကြိုးစားသွားရန် မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များက ထုပ်ပိုးမှုစက်ပစ္စည်းများ ဝယ်ယူရရှိရေး၊ MSME အမယ်သစ်ထုတ်ကုန်အသစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ နည်းပညာနှင့် ချေးငွေရရှိရေးတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင် ၁၀၆ ဦးတို့ ခင်းကျင်းပြသထားသည့် ဒေသထွက်ပစ္စည်းမျိုးစုံ ၃၅၈ ခုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

မကြာခဏဝမ်းသွားခြင်းနှင့် အပြင်းအထန်ဝမ်းသွားခြင်းအန္တရာယ်

ဒေါက်တာလွင်သန့်

"အမျှင်မာတ်များသောအစားအစာများ၊ အထူးသဖြင့် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် အစေ့အဆန်များသည် ဝမ်းသွားသည့်အကြိမ်ရေကို တိုးစေသည်။ ကဖင်းဓာတ်၊ အရက်နှင့် စပ်သောအစားအစာများကဲ့သို့သော တချို့အစားအစာများသည် အစာခြေစနစ်ကိုထိခိုက်စေနိုင်ပြီး ဝမ်းမကြာခဏသွားရလေ့ရှိသည်။

ဗက်တီးရီးယား၊ ဗိုင်းရပ်စ် သို့မဟုတ် ကပ်ပါးပိုးဝင်ခြင်းကြောင့် ဝမ်းပျက်စေပြီး မကြာခဏဝမ်းသွားစေသည်။ အစာအဆိပ်သင့်ခြင်း သို့မဟုတ် အစာအိမ်ရောဂါကဲ့သို့အဖြစ်များသောရောဂါပိုးများသည် ပျို့အန်ခြင်း၊ အော့အန်ခြင်းနှင့် ဗိုက်အောင့်ခြင်းကဲ့သို့ သောလက္ခဏာများနှင့် တွဲဖြစ်လေ့ရှိသည် . . ."

ဝမ်းသွားရာတွင် အများစုက အမှုမဲ့သွားတတ်သောကြောင့် ပြောင်းလဲမှုဖြစ်သည့်အခါ သတိမထားမိခြင်းဖြစ်သည်။ ကာလဝမ်းရောဂါကြောင့် ပြည်သူများကျန်းမာရေးအသိဖြင့် သတိထားနေထိုင်စားသောက်သင့်သည်။ ဝမ်းသွားသည့်အခါ ဖြစ်ပေါ်လာသောပြောင်းလဲမှုများက ရောဂါဖြစ်ပွားမှု၏ရှေ့ပြေးလက္ခဏာများဖြစ်နေတတ်သည်။

ဝမ်းသွားလျှင် အကျိအန္ဆဲပါခြင်း

အစာများ လွယ်ကူစွာဖြတ်သန်းနိုင်ရန် အစာအိမ်နှင့် အူလမ်းကြောင်းနံရံတစ်လျှောက်ကို အန္ဆဲလွှာဖြင့်ဖုံးကာထားသည်။ နာတာရှည်အစာခြေဆိုင်ရာရောဂါ (IBS) ရှိသူများတွင် အူမကြီးအကျိအန္ဆဲညှစ်မှုများသောကြောင့် ဝမ်းသွားသည့်အခါ အကျိအန္ဆဲပါတတ်သည်။

IBS ရောဂါမရှိဘဲ ဝမ်းထဲ၌ အကျိအန္ဆဲပါနေပါက ဆရာဝန်နှင့်ပြသပြီး စစ်ဆေးမှုခံယူသင့်သည်။ ဗိုက်အောင့်ခြင်း၊ လေပွခြင်း၊ လေထိုး၊ လေအောင့်ခြင်း၊ ဝမ်းသွားခြင်း၊ ဝမ်းချုပ်ခြင်း စသည့်ဝေဒနာများ ခံစားရပြီဆိုလျှင် အစားအစာနှင့်နေထိုင်မှုပုံစံများကို ပြောင်းလဲသင့်သည်။

ဝမ်းသွားလျှင် သွေးပါခြင်း

ဝမ်းသွားသည့်အခါ သွေးပါခြင်းက လိပ်ခေါင်းရောဂါကြောင့် ဖြစ်နိုင်သည်။ လိပ်ခေါင်းရောဂါဆိုသည်မှာ အစာဟောင်းအိမ် သို့မဟုတ် စအိုဝတွင်ရှိသည့် သွေးပြန်ကြောများရောင်ရမ်းသောကြောင့် ဝမ်းညှစ်သွားလိုက်သည့်အခါ သွေးပါလာတတ်သည်။ တချို့တွင် IBS ရောဂါ သို့မဟုတ် အူမကြီးကင်ဆာကြောင့်ဖြစ်နိုင်သည်။

စတီးရွှိုက်မဟုတ်သော ကိုက်ခဲမှုနှင့် ရောင်ရမ်းမှုကိုသက်သာစေသည့်ဆေးဝါးများ (NSAIDs)ကြောင့် အူလမ်းကြောင်းတစ်လျှောက် သွေးယိုစီးမှုဖြစ်ပွားပါက ဝမ်းသွားသည့်အခါ အသည်းရောင်တတ်သည်။ စပိန်နိုင်ငံ၌ပြုလုပ်သောသုတေသနအရ NSAIDs ရေရှည်သုံးစွဲသူများ၏ ၇၂ ရာခိုင်နှုန်းက အစာအိမ်နှင့် အူလမ်းကြောင်းအပေါ်ပိုင်းတွင် သွေးယိုစိမ့်မှုများ ခံစားရနိုင်သည်။ သံဓာတ်ပါဝင်သောအားဆေးများသောက်သုံးခြင်းနှင့် တချို့အစားအစာများစားသုံးခြင်းဖြင့် ဝမ်းမည်းမည်းသွားတတ်သည်။

ဝမ်းသွားတိုင်းသွေးပါသော် ဆရာဝန်နှင့်ပြသပြီး စစ်ဆေးမှုခံယူသင့်သည်။ အူမကြီးအတွင်း မှန်ပြောင်းကြည့်စစ်ဆေးခြင်းပြုလုပ်ပြီး လိပ်ခေါင်း၊ အူမကြီးကင်ဆာ စသည့်ရောဂါများ ရှိ၊ မရှိ စစ်ဆေးမှုခံယူရန်လိုအပ်သည်။

ဝမ်းသွားလျှင် သန်ကောင်ပါခြင်း

ဝမ်းသွားသည့်အခါ ဝမ်းထဲ၌ သန်ကောင်ပါခြင်း၊ စအိုဝတွင်ယားယံခြင်း (အထူးသဖြင့် ညဘက်တွင်ခံစားရခြင်း) တို့သည် အမဲသား၊ ဝက်သား စသည့်အစာများကို ကျက်အောင်မချက်ဘဲစားခြင်းနှင့် အိမ်သာများမှ တုတ်ကောင်ဥများ ကူးစက်ခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်ထဲသို့ သန်ကောင်များ ရောက်ရှိလာခြင်းဖြစ်သည်။ သန်ကောင်များရှိနေပါက မိမိစားသုံးလိုက်သည့်အစားအသောက်များကို စုပ်ယူလိုက်သည်။

ဝမ်းထဲတွင် သန်ကောင်များပါလာလျှင် သန်ကောင်များ၏ပုံသဏ္ဌာန်ကို မှတ်သားပြီး ဆရာဝန်ကို သေချာစွာပြောပြကာ ဆေးကုသမှုခံယူသင့်သည်။

စားသောက်မှုဆိုင်ရာအချက်များ

အမျှင်မာတ်များသောအစားအစာများ၊ အထူးသဖြင့် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် အစေ့အဆန်များသည် ဝမ်းသွားသည့်အကြိမ်ရေကို တိုးစေသည်။ ကဖင်းဓာတ်၊ အရက်နှင့် စပ်သောအစားအစာများကဲ့သို့သော တချို့အစားအစာများသည် အစာခြေစနစ်ကို ထိခိုက်စေနိုင်ပြီး ဝမ်းမကြာခဏသွားရလေ့ရှိသည်။

ရောဂါကူးစက်မှု

ဗက်တီးရီးယား၊ ဗိုင်းရပ်စ် သို့မဟုတ် ကပ်ပါးပိုးဝင်ခြင်းကြောင့် ဝမ်းပျက်စေပြီး မကြာခဏဝမ်းသွားစေသည်။ အစာအဆိပ်သင့်ခြင်း သို့မဟုတ် အစာအိမ်ရောဂါကဲ့သို့ အဖြစ်များသောရောဂါပိုးများသည် ပျို့အန်ခြင်း၊ အော့အန်ခြင်းနှင့် ဗိုက်အောင့်ခြင်းကဲ့သို့သောလက္ခဏာများနှင့် တွဲဖြစ်လေ့ရှိသည်။

Irritable Bowel syndrome (IBS)

IBS သည် ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း သို့မဟုတ် နှစ်မျိုးစလုံးကြားတွင် လှည့်ပတ်ခြင်းကဲ့သို့သော လက္ခဏာများဖြစ်စေနိုင်သည့် နာတာရှည်အစာခြေဆိုင်ရာရောဂါတစ်ခုဖြစ်သည်။ IBS နှင့် ပတ်သက်သောဝမ်းလျှောခြင်းသည် အစာစားပြီးနောက် ဝမ်းသွားနိုင်သည်။

အူသိမ်အူမရောင်ရောဂါ

အူသိမ်အူမရောင်ရောဂါသည် အစာခြေလမ်းကြောင်း၏ နာတာရှည်ရောင်ရမ်းခြင်းကိုဖြစ်စေသည့် အူလမ်းကြောင်းရောဂါများဖြစ်သည်။ ဤအခြေအနေများသည် မကြာခဏ အူသိမ်အူမလှုပ်ရှားမှုကိုဖြစ်ပေါ်စေပြီး တစ်ခါတစ်ရံ ဝမ်းထဲတွင် သွေး သို့မဟုတ် အကျိအန္ဆဲများပါသွားတတ်သည်။

နွားနို့နှင့် တခြားသောအစားအစာများကို ဓာတ်မတည့်သည့်သူများသည် စားသုံးသောအခါ မကြာခဏအူလှုပ်ရှားမှုဖြစ်စေနိုင်သည်။ ဤအခြေအနေသည် ဝမ်းလျှောခြင်းကို ဖြစ်စေသည်။

စိတ်ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှု

စိတ်ပိုင်းဆိုင်ရာဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုများသည် အူလမ်းကြောင်းကိုထိခိုက်စေပြီး ဝမ်းသွားသည့်အကြိမ်ရေကိုတိုးလာစေသည်။ စိတ်ဖိစီးမှုနှင့်ဆက်စပ်သော အစာခြေလမ်းကြောင်းဆိုင်ရာ အနှောင့်အယှက်များသည် အထူးသဖြင့် စိုးရိမ်ပူပန်မှုမြင့်လာချိန်တွင် ဝမ်းလျှောခြင်း သို့မဟုတ် အရေးပေါ်အခြေအနေကဲ့သို့သောလက္ခဏာများကို ဖြစ်စေနိုင်သည်။

ဆေးဝါးများ

ပင်္ဂီဇဝဆေး၊ မဂ္ဂနီဆီယမ်ပါသောအက်စစ်နှင့် ဝမ်းနုတ်ဆေးများကဲ့သို့ တချို့သောဆေးဝါးများသည်ဘေးထွက်ဆိုးကျိုးများအဖြစ် ဝမ်းလျှောခြင်းနှင့် မကြာခဏ ဝမ်းသွားခြင်းကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် ဝမ်းနုတ်ဆေးအလွန်အကျွံသုံးစွဲခြင်းသည် ဝမ်းသွားသောအလေ့အထကို ပြောင်းလဲစေနိုင်သည်။

သိုင်းရွှိုက်ပြဿနာများ

သိုင်းရွှိုက်လွန်ကဲခြင်းကြောင့် မကြာခဏ အူလှုပ်ရှားမှုကိုဖြစ်စေနိုင်သည်။ သိုင်းရွှိုက်ဂလင်းသည် ဇီဝဖြစ်ပျက်မှုကို ထိခိုက်စေနိုင်ပြီး လွန်ကဲစွာအူလှုပ်ရှားနေပါက ဝမ်းသွားခြင်း၊ ကိုယ်အလေးချိန်ကျခြင်းနှင့် ဝမ်းသွားသည့်အကြိမ်ရေတိုးလာခြင်းကဲ့သို့ လက္ခဏာများဖြစ်စေနိုင်သည်။

ဆီးချို့ရောဂါ

ထိန်းမရသောဆီးချို့ရောဂါသည် အထူးသဖြင့် အစာခြေစနစ်၏အာရုံကြောများကိုထိခိုက်စေသည့် ဆီးချို့ရောဂါရှိသော အာရုံကြောရောဂါဖြစ်ပွားမှုတွင် မကြာခဏ အူလှုပ်ရှားမှုကိုဖြစ်ပေါ်စေနိုင်သည်။

ဝမ်းလျှောခြင်း

မကြာခဏဝမ်းသွားခြင်းသည် ရောဂါပိုးဝင်ခြင်း သို့မဟုတ် တခြားအစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာအခြေအနေများကြောင့်ဖြစ်သော လက္ခဏာတစ်ခုဖြစ်သည်။

ဝမ်းဗိုက်နာကျင်ခြင်း

မကြာခဏဝမ်းသွားခြင်းနှင့် ဝမ်းဗိုက်အတွင်းနာကျင်ခြင်း၊ ဗိုက်ဖောင်းပွခြင်းနှင့် မအီမသာဖြစ်ခြင်းတို့ ဖြစ်နိုင်သည်။

ဝမ်းတွင်းသွေး

လိပ်ခေါင်း သို့မဟုတ် အူမကြီးကင်ဆာကဲ့သို့သောအခြေအနေများကို ညွှန်ပြနိုင်သည့် သွေးများပါရှိပါက ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်နှင့် စစ်ဆေးသင့်သည်။

ပင်ပန်းနွမ်းနယ်ခြင်း

ဝမ်းလျှောခြင်း သို့မဟုတ် သွေးဆုံးရှုံးခြင်းနှင့်အတူ မကြာခဏဝမ်းသွားပါက ရေဓာတ်ခန်းခြောက်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်စေနိုင်သည်။

ပျို့အန်ခြင်း သို့မဟုတ် အော့အန်ခြင်း

ရောဂါပိုးဝင်ခြင်း သို့မဟုတ် အစာအဆိပ်သင့်ခြင်းများတွင် မကြာခဏ ဝမ်းသွားခြင်းနှင့်အတူ ပျို့အန်ခြင်း၊ အော့အန်ခြင်း သို့မဟုတ် ယေဘုယျအားဖြင့် မကျန်းမာခြင်းကိုဖြစ်နိုင်သည်။

မကြာခဏဝမ်းသွားခြင်း သို့မဟုတ် ဆက်တိုက်ဝမ်းလျှောပါက ရောဂါပိုးများသို့မဟုတ် တခြားသောအခြေအနေများကိုဖယ်ရှားရန်အတွက် ဆေးဘက်ဆိုင်ရာအကြံဉာဏ်ကိုရယူရန် အရေးကြီးသည်။

ပြင်းထန်သောဗိုက်နာခြင်း

ပြင်းထန်သောဗိုက်နာခြင်း သို့မဟုတ် အဆက်မပြတ် ဝမ်းဗိုက်နာကျင်ပါက ဆရာဝန်နှင့်ပြသသင့်သည်။

ကိုယ်အလေးချိန်ဆုံးရှုံးမှု

မကြာခဏဝမ်းသွားခြင်းနှင့် ဆက်စပ်၍ မရှင်းပြနိုင်သော ကိုယ်အလေးချိန်လျော့ကျခြင်းသည် သိုင်းရွှိုက်ပြဿနာများကဲ့သို့ နောက်ခံအစာခြေပြဿနာများကို ထည့်သွင်းစဉ်းစားသင့်ပေသည်။

ရေဓာတ်ခန်းခြောက်ခြင်း

မကြာခဏဝမ်းသွားပါက ရေဓာတ်ခန်းခြောက်ခြင်း၊ ပါးစပ်ခြောက်ခြင်း၊ မူးဝေခြင်း သို့မဟုတ် ဆီးအရောင်မည်းခြင်းကဲ့သို့သော လက္ခဏာများဖြစ်ပေါ်လာလျှင် ဆေးကုသမှုချက်ချင်းခံယူသင့်သည်။

မကြာခဏဝမ်းသွားခြင်းသည် သောက်နေကျဆေးတစ်မျိုး၏ ဘေးထွက်ဆိုးကျိုးတစ်ခုလည်းဖြစ်နိုင်၍ ဆရာဝန်နှင့်တိုင်ပင်ပြီး ဆေးရပ်သင့်ကြောင်း သို့မဟုတ် တခြားဆေးပြောင်းပေးနိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ရေမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ (မြို့နယ်အဆင့်) အထိမ်းအမှတ်အခမ်းအနားကျင်းပ



ရေး သြဂုတ် ၂၂

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ (မြို့နယ်အဆင့်) အထိမ်းအမှတ်အခမ်းအနားကို သြဂုတ်လ ၂၂ ရက်တွင် အဆိုပါ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်က အမှာစကား ပြောကြားကာ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်သန်းက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်သုံးစွဲနေသည့် ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုကို လက်တွေ့စစ်ဆေးသရုပ်ပြကြသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်အဆင့်သားမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များကို ကိုယ်ဝန်ဆောင်အားဆေးပေးခြင်း၊ အသက်ခြောက်လမှတစ်နှစ်၊ တစ်နှစ်မှ ငါးနှစ်အထိကလေးငယ်များကို ဗီတာမင်-A အားဆေးတိုက်ကျွေးခြင်း၊ ကလေးအာဟာရစစ်ဆေးပေးခြင်း၊ အသက်ခြောက်လမှငါးနှစ်အထိ ကလေးငယ်များအား အာဟာရမွှန့်ဘူးပေးခြင်းနှင့် အသက်နှစ်နှစ်အရွယ်ကလေးငယ်များအား သန်ချဆေးတိုက်ကျွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

ဆန်စပါးဖူလုံပေါများစေရေး မိုးစပါး ဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုး



မင်းဘူး ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ဒေသတွင်း ဆန်စပါးဖူလုံပေါများစေရန်မိုးစပါးကို ဧကပေါင်း ၄၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင်မြို့နယ်အတွင်း၌ အစိုးရဆည်တမံ၊ လျှပ်စစ်ရေတင်၊ မြေအောက်ရေ၊ ရေစုပ်စက်၊ ဆည်ငယ်ကန်ငယ်၊ မိုးရေသောက်စနစ်စသည့် ရေရရှိရေးနည်းလမ်း ခြောက်ခုဖြင့် မိုးစပါး စိုက်ဧက ၄၀၀၀၀ ကျော်လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ဒေသခံတောင်သူများအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်သည့် စပါးမျိုးကွဲမျိုးစုံကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လုပ်ငန်းပံ့ပိုးမှုအစီအစဉ်ဖြင့်မိုးစပါးစံပြစမ်းသပ်စိုက်ပျိုးသည့်အကျိုးဆောင် တောင်သူများအား စိုက်ကွင်းအထောက်အကူပြု လုပ်ငန်းအဖြစ် မျိုးသန့်စပါးမျိုးနှင့် လိုအပ်သည့် သွင်းအားစုပစ္စည်းများကို ပံ့ပိုးဖြန့်ဖြူးပေးထားသည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းကြီးကြပ်မှုဖြင့် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စံပြအကျိုးဆောင် တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ စပါးစိုက်တောင်သူများ တစ်ဧက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရရှိရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်စေရေးအတွက် စိုက်ပျိုးနည်းပညာပေးခြင်းနှင့် တောင်သူပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးကို ဧကပေါင်း ၄၁၃၀၀၇ ဧကအထိ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့ထိ ဧကပေါင်း ၃၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်၍ စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရရှိရေးနှင့် လျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **မောင်မောင်(မင်းဘူး)**

မော်ဖောင်းကျေးရွာ၌ Box Culvert တံတား တည်ဆောက်ပြီးစီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူစွာ သွားလာနိုင်မည်

မြစ်ကြီးနား ဩဂုတ် ၂၂

ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်၌ Box Culvert တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက အလျား ၅ ပေ၊ အနံပေ ၄၀၊ အမြင့် ၅ ပေရှိ Box Culvert တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ တံတားရေရှည်တည်တံ့စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေလမ်းကြောင်းများ ရှင်းလင်းထိန်းသိမ်းဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ Box Culvert တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ဇွန်လပထမပတ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချီသန်းညွန့်(ကျေးလက်)**



ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၃၀၀၀ ကျော် စိုက်ပျိုးမည်

ပွင့်ဖြူ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၃၀၀၀ ကျော်စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၃၀၈၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အဲဒီ မြေပဲ စိုက်ပျိုးခြင်းကို လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲကို အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲစိုက်ပျိုးတောင်သူများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း ကောင်းမွန်စေရန် ရေမြေဒေသနှင့် ကိုက်ညီသည့် ဆင်းပဒေသာ - ၁၁ မြေပဲမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးသွားမည့်အပြင် အရည်အသွေးကောင်းသော သီးနှံများ ထွက်ရှိရေး၊ မြေဩဇာနှင့် သဘာဝဆေးများ စနစ်တကျသုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

နှစ်နိုင်ငံကောင်းကျိုး ဆောင်သယ်ပိုး

- မြန်မာနှင့် ဘယ်လာရုစ်
  တွယ်တာမှု သံယောဇဉ်။
  ကူးသန်းကာ လက်ပွန်းတတီး
  ရင်းနှီးကျွမ်းဝင်။
  စိတ်ထားလှ ဖြူစင်
  အတူယှဉ် ကြိုးပမ်း။
  နှစ်နိုင်ငံ အကျိုးထူးကိုလ
  ပူးပေါင်း ဆောင်သယ်လို့
  ရည်ရွယ်ကာ ရှေ့သို့လှမ်း
  ရွှေလမ်းငွေလမ်း။
- ဘယ်လာရုစ်နှင့် ရွှေမြန်မာ။
  ချစ်ကြည်စွာ ရွှေလမ်းခင်း
  မိတ်ရင်းဆွေပါ။
  "ဘယ်လာရုစ်တို့ ရောက်တဲ့အခါ
  ရွှေမြန်မာတို့ ရွှင်နှလုံး"။
  "ရွှေမြန်မာတို့ ရောက်တဲ့အခါ
  ဘယ်လာရုစ်တို့ ရွှင်နှလုံး"။
  နှစ်နိုင်ငံ ကြည်သာသည့်
  ဝိတိတွေဖုံး။
- ဘယ်လာရုစ် ရွှေခရီး
  တို့သမ္မတကြီး ရောက်ရှိပြီ။
  အကြိုတော်တွေ ရွှင်ချိုလန်းလို့
  ပြုံးပန်းကိုယ်စီ။
  နိုင်ငံတော်အဆင့် လျော်ညီ
  ကော်ဇောနီ ကမ္မလာခင်း။
  နှစ်နိုင်ငံ ချစ်ကြည်ရေးက
  မွှေးပျံ့လို့သင်း။
- မြန်မာနှင့် ဘယ်လာရုစ်
  ထပ်တူပြု သန့်ဌာန်။
  သူ့အရေး ကိုယ်ဆောင်လို့
  ကိုယ့်အရေး သူဆောင်လို့
  အောင်မြင်အောင် ဖြိုင်တူထမ်း
  လှမ်းချီကြရန်။
  နှစ်နိုင်ငံ အကြီးအကဲတို့
  ရှိရင်းစွဲ စေတနာသန်
  အပြန်အလှန် ဆွေးနွေး။
  နောင်အရှည်မြော်လို့
  အကောင်အထည်ဖော်
  ကဏ္ဍအမျိုးမျိုးကိုလ
  ကောင်းကျိုးဆောင်ပေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည် မှားယွင်းဖော်ပြထားမှုများကို ပြင်ဆင်ခွင့်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး



ပဲခူး ဩဂုတ် ၂၂

တိုင်းရင်းသားလူငယ်များအတွက်အသက်မွေးဝမ်းကျောင်းသင်တန်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်၏ အခက်အခဲများကို ဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည် မှားယွင်းဖော်ပြထားမှုများကို ပြင်ဆင်ခွင့်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးများဆောက်လုပ်နိုင်ရန်အတွက် သင့်လျော်သည့် မြေနေရာကူညီဆောင်ရွက်ပေးနိုင်ရေး၊ နွေရာသီတိုင်းရင်းသားဘာသာစာပေ သင်ကြားရာတွင် လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ကရင်၊ အရှို (ချင်း)၊ မွန်၊ ရှမ်းနှင့်ပအိုဝ်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၃ ဖွဲ့မှ ကိုယ်စားလှယ်များကယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် တွေ့ဆုံစဉ် ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုများကို ရှိရင်းစွဲမူလလက်ရာကို မထိခိုက်စေရန် အထူးသတိပြု ဆောင်ရွက်ကြရန်နှင့် စည်းမျဉ်းများသတ်မှတ်ထားကြရန်မှာကြားလိုပါကြောင်း၊ တိုင်းရင်းသားလူငယ်များ၏ အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းစင်တာတည်ဆောက်ပြီးစီးပါက ဒေသခံတိုင်းရင်းသားလူငယ်များနှင့် ကိုက်ညီသည့် သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးဝင်းနိုင်တို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်တွေမြို့ရှိ Kyaw San ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ပြန်လည်ဖွင့်

စစ်တွေ ဩဂုတ် ၂၂

စစ်တွေမြို့ရှိ Kyaw San ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကို ယနေ့ နံနက်ပိုင်းမှစတင်၍ ပြန်လည်ဖွင့်လှစ်ကာ ဒေသခံပြည်သူများကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအရောင်းဆိုင်သို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့၌ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ ကာလအတန်ကြာ ဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိဘဲ ရှိနေခဲ့ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်ပံ့ပိုးမှုဖြင့် ပြည်သူများနှင့်ဌာနဆိုင်ရာများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေး Kyaw San ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်ကို စတင်ဖွင့်လှစ်ရောင်းချလျက်ရှိရာသို့ သွားရောက်ကြည့်ရှုအားပေးပြီး စက်သုံးဆီလာရောက်ဝယ်ယူကြသည့် ပြည်သူများနှင့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက်မြဝတီဘဏ်(စစ်တွေဘဏ်ခွဲ)ပြန်လည်ဖွင့်လှစ်နိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ ပြည်နယ်ဝန်ကြီးချုပ်က ဘဏ်လုပ်ငန်းများအမြန်ဆုံးစတင်နိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



မြန်မာ-တရုတ်အကောက်ခွန်ဌာနများအကြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒလျန်မြို့တွင် ၂၀၂၆ ခုနှစ် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အကောက်ခွန်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ (APEC Customs Business Dialogue)ကို ဩဂုတ်လ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်အကောက်ခွန်ဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကောက်ခွန်ဌာနများအကြား အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။



ဦးစွာဆွေးနွေးပွဲတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ဝန်ကြီး H. E. SUN Meijun က အဖွင့်အမှာစကား ပြောကြားပေးပြီး ဒုတိယဝန်ကြီး Mr. Zhang Baofeng က သဘာပတိအဖြစ်ဆောင်ရွက်၍ ဆွေးနွေးပွဲပထမနေ့ နံနက်ပိုင်းတွင် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုမြှင့်တင်ရေး၊ ခေတ်မီအကောက်ခွန်ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုတည်ဆောက်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အစားအသောက်ဘေးကင်းလုံခြုံမှုနှင့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ချိတ်ဆက်မှုခိုင်မာစေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်နှင့်အဖွဲ့သည်တရုတ်အကောက်ခွန်မှဒုတိယဝန်ကြီးနှင့်အဖွဲ့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံနည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်မှုတိုးမြှင့်ရေး၊ မြန်မာ-တရုတ်နယ်စပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကာ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် အာရှ-ပစိဖိတ်ဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည့် AI နည်းပညာနှင့် ဒီဂျစ်တယ်စနစ်ပြောင်းလဲခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ၏တည်ငြိမ်မှု၊ ကြုံကြုံခံနိုင်မှုနှင့် ကြိုတင်ခန့်မှန်းနိုင်စွမ်းတို့ကို မြှင့်တင်ခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ APEC အဖွဲ့ဝင်နိုင်ငံများမှ အကောက်ခွန်၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးကဏ္ဍများမှ အစိုးရအရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံနှင့်အခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပညာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်နှင့်အဖွဲ့သည်ယနေ့ညနေပိုင်းတွင်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

မြဝတီ

ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၆ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၆ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

(မိုး/၈လ)

တူယှဉ်လျှောက်လှမ်း အနာဂတ်လမ်းသည် ကောင်းကျိုးကိုယ်စီတည်နေဦးမည်သာ

သက်လွင် (PPIB)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ၂၁-၈-၂၀၂၆ ရက်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။


ဘယ်လာရုစ်နိုင်ငံခရီးစဉ်မှာ ဒုတိယရက်သို့ရောက်ရှိခဲ့လေပြီ။ ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍအောင်မြင်နေမှု အချက်တစ်ချက်သည် စာရေးသူတို့ နိုင်ငံတော်အကြီးအကဲကို စိတ်ဝင်စားမှု ပိုမိုမြင့်တက်စေခဲ့မှာအမှန်ပင်။ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲလျှောက်လှမ်းချင်သည့် ပုံစံတူလမ်းများအများဆုံးရှိနေသည်။ ဘယ်လာရုစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်မည်သည့်အတိုင်းအတာရှိမည်နည်း။ မည်သို့ကြိုးစားအကောင်အထည်ဖော်ခဲ့ပါသနည်း။ မဟာဗျူဟာမြောက်ပူးပေါင်းဖော်ဆောင်နိုင်လျှင် မိမိတို့နိုင်ငံ၏ အနာဂတ်သည် မည်သို့အောင်မြင်လာမည်နည်း။ နိုင်ငံတော်အကြီးအကဲ၏ စိတ်နှလုံးတွင် မေးခွန်းပေါင်းများစွာ ထင်ဟပ်နေမည်ကိုလည်း စာရေးသူခံစားမိနေပါသေးသည်။ ခံစားချက်အတွေးများနှင့်အတူ နိုင်ငံတော်အကြီးအကဲနှင့် လိုက်ပါကာ ခရီးစဉ်၏ အရေးကြီးသောနေ့ရက်တစ်ရက်ကို စတင်ပါတော့မည်။

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို နှင့်တွေ့ဆုံပြီ

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အထူးယာဉ်တန်းဖြင့် တည်းခိုရာနေရာမှ စတင်ထွက်ခွာခဲ့ပါတော့သည်။ အချိန်ကား ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၁ရက်ပင်။

ရာသီဥတုကား ကြည်လင်သာယာလျက်ရှိပါသည်။ အထူးယာဉ်တန်းဖြင့် ခရီးဆက်ခဲ့ရာ မင့်စ်မြို့လမ်းမများတစ်လျှောက် နိုင်ငံတော်အကြီးအကဲအား လုံခြုံရေးအထပ်ထပ်ချလျက် စောင့်ရှောက်ပေးနေသည့် မြင်ကွင်းများကိုလည်း မြင်တွေ့ခဲ့ရသည်။ လမ်းမဝဲယာတစ်လျှောက် နှစ်နိုင်ငံအလံများကို တူယှဉ်တွဲလွှင့်ထူလျက် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ထုတ်ဖော်ပြသထား၏။ အထပ်မြင့်ခေတ်မီ အဆောက်အအုံများ၊ မြို့ပြလမ်းများ၏ ခေတ်မီသန့်ရှင်းသပ်ရပ်မှုများက မင့်စ်မြို့၏ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးထားသလို ခံစားမိသည်။

လမ်းဘေးတစ်လျှောက်၌ ပြည်သူများ အပန်းဖြေလမ်းလျှောက်နိုင်ရန်၊ ကျန်းမာရေးအရ လမ်းလျှောက်နိုင်ရန် နေရာများကို တည်ဆောက်ပေးထားသည်ကိုတွေ့ရသည်။ စိမ်းလန်းသောမြက်ခင်းပြင်များနှင့် သစ်ပင်များ၏ စိမ်းလန်းစိုပြည်မှုများအား မင့်စ်မြို့သည် Green City, Clean Cityဖြစ်ကြောင်းကို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ၂၁-၈-၂၀၂၆ ရက်တွင် သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

တိတိပပညွှန်းဆိုထားလေ၏။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသော အထူးယာဉ်တန်းသည် သမ္မတနန်းတော်ဆီသို့ဦးတည်၍ ခရီးဆက်နေခြင်းသာဖြစ်၏။ သည်လိုနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ သမ္မတနန်းတော်သို့ရောက်ခဲ့လေပြီ။ နိုင်ငံတော်အကြီးအကဲရောက်သည်နှင့် သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခမ်းနားစွာကြိုဆိုနှုတ်ဆက်ကြ၏။ ဘယ်လာရုစ်များကို ကြိုဆိုသောအခမ်းအနားအစီအစဉ်များအတိုင်း ဂုဏ်ပြုကြိုဆိုခဲ့ခြင်းသာဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အတွက် စတုတ္ထအကြိမ်မြောက် ခရီးစဉ်လည်းဖြစ်၏။

စာမျက်နှာ ၁၂ သို့

သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည်လည်း နိုင်ငံတော်အကြီးအကဲအား ရင်းရင်းနှီးနှီးဖြင့် နှုတ်ဆက်ခရီးဦးကြိုပြုခဲ့၏။ နှစ်နိုင်ငံခေါင်းဆောင်များသည် အပြန်အလှန်ခရီးစဉ်များကြောင့် နှစ်ဦးကြားကချစ်ကြည်ရင်းနှီးမှုများသည် ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲလာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါသည်။

နိုင်ငံတော်သမ္မတနှစ်ဦးသည် ခင်းထားသော ကော်ဇောနီလျှောက်လမ်းပေါ်တွင် တည်ငြိမ်စွာလျှောက်လှမ်းရင်း ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူခဲ့ကြသည်။ နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖြင့်လည်း တီးမှုတ်ကြိုဆိုခဲ့ကြသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုလည်းခံယူခဲ့၏။ နိုင်ငံ့ခေါင်းဆောင်



၂၁-၈-၂၀၂၆ ရက်တွင် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှင်ကိုတို့ ၂၁-၈-၂၀၂၆ ရက်တွင် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

တရား အပြောင်းအလဲများစွာကြားမှာ နှစ်နိုင်ငံ၏ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုများကြောင့် နိုင်ငံရေးအရ စီးပွားရေးအရ ကဏ္ဍာပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်လျက်ရှိတာကိုလည်းတွေ့မြင်ကြရမှာဖြစ်ပါတယ်။

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့်တွေ့ဆုံပွဲ

အချိန်ကား ဒေသစံတော်ချိန် နံနက်၁၁ နာရီ ၅၀ မိနစ်ပင်။ အခမ်းအနားအား မင့်စ်မြို့ သမ္မတနန်းတော်အစည်းအဝေးခန်း၌ကျင်းပခဲ့၏။ တွေ့ဆုံပွဲသို့ နှစ်နိုင်ငံ သမ္မတနှစ်ဦးနှင့်အတူ အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှုတွင် ပါဝင်သည့်ကဏ္ဍာဖြတ်သန်းရင်း ခရီးတစ်ခုသို့ဆက်ခဲ့ပြန်ပါသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံပြန်

အချိန်မှာ ဒေသစံတော်ချိန် ၂ နာရီခွဲပင်ဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Ms. Natalya Kochanova တို့ကလည်း နိုင်ငံတော်အကြီးအကဲကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်နေကြ၏။

ပြည်ပခရီးစဉ်တစ်ခုတွင် နိုင်ငံတော်အကြီးအကဲသည် အုပ်ချုပ်ရေးကဏ္ဍာပိုင်းဆိုင်ရာကို ကနဦးတွေ့ဆုံပြီး မဖြစ်မနေတွေ့ဆုံမှုပြုလုပ်သည်မှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည်ကို ခပ်စိပ်စိပ်တွေ့မြင်

◗ စာမျက်နှာ ၁၁ မှ

တွေ့ဆုံစဉ် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ထားမှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၏ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာတွင် ပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ထောက်ခံဆွေးနွေးခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

“ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများ အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် လိုအပ်သည်များကို စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးလိုသည့်စိတ်ရှိသည်ကို ပြောကြားလိုပါကြောင်း”။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒား လူကာရှင်ကို၏ ပြောကြားချက်အတိုင်း ထုတ်နုတ်မျှဝေပေးခြင်းသာ။ နှစ်နိုင်ငံသမ္မတနှစ်ဦးသည် တရားဝင်တွေ့ဆုံမှုအပြီး၌ မီဒီယာများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံပူးတွဲကြေညာချက်များအား အပြန်အလှန်ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံသမ္မတနှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုတွင် official တွေ့ဆုံမှုအပြင် အလွတ်သဘောရင်းရင်းနှီးနှီးတွေ့ဆုံမှုကိုလည်း တွေ့မြင်ခဲ့ရ၏။ ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးနည်းပညာနှင့်အတွေ့အကြုံများအား မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည်ကို ကတိပြုပြောဆိုခဲ့သေးသည်။ မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိသည်ဟူသော စကားလုံးသည်ယခုတွေ့ဆုံမှု၏ အဓိကအောင်မြင်မှုသေခွာချက်ဟုသာ ဆိုရပါမည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ ၂၁-၈-၂၀၂၆ ရက်တွင် ပူးတွဲတွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့ ၂၁-၈-၂၀၂၆ ရက်တွင် မြန်မာသံရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ၏ ဆက်ဆံရေးကိုကြည့်လျှင် လက်ရှိ၂၁ ရာစု အတွင်းမှာ နိုင်ငံရေး၊ကမ္ဘာ့အရေးသဘောများကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ကဏ္ဍများမှာ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့် လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို အောင်မြင်စွာဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးမှုအပြီးတွင် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် ၉ ခု တို့ကို တာဝန်ရှိသူများက အပြန်အလှန်လက်မှတ်ရေးထိုးပြီး နှစ်နိုင်ငံသမ္မတများရှေ့မှောက်၌လဲလှယ်ခဲ့ကြ၏။ အခမ်းအနားပြီးမြောက်၍ ထွက်ခွာချိန်၌လည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်နိုင်ငံသမ္မတကြီးက အထူးယာဉ်တန်းနားထိ တခုတ်တရဖြင့် လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ အထူးယာဉ်တန်းသည် မင့်စ်မြို့၏ ခေတ်မီမြို့ပြလမ်းမများကို ကြရမည်ဖြစ်သည်။ ယခုရက်တွင်လည်း ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်၊ အထက်လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနှင့် တွေ့ဆုံခဲ့ပြန်၏။ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တွင် ပူးတွဲတွေ့ဆုံမှုပုံစံဖြင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းထားကာ ရှိရင်းစွဲချစ်ကြည်ရေးကတစ်ဆင့် နှစ်နိုင်ငံလွှတ်တော်ချင်း အပြန်အလှန်လေ့လာရေး၊ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးကို အဓိကဦးတည်ဆွေးနွေးခဲ့သည်။ ထိုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်သွားမှုကိုနှိုးနွှယ်ပြီး ဆွေးနွေးခဲ့ကြသည်။ ခရီးဆက်ခဲ့ပြန်ပါသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင်မင့်စ်မြို့သံတမန်ခန်းမ၌ကျင်းပပြုလုပ်သည့် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ခရီးစဉ်၌

စာမျက်နှာ ၁၃ သို့ ◗

▸ စာမျက်နှာ ၁၂ မှ

လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၏ သီးခြားတွေ့ဆုံမှုများကိုလည်း မျှဝေပေးလိုပါသည်။

ပြည်ထောင်စုဝန်ကြီးများ၏ သီးခြားတွေ့ဆုံမှုများ

နိုင်ငံတော်အကြီးအကဲ၏ပြည်ပခရီးစဉ်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလိုက်ပါသွားခြင်းသည် ပိုမိုကောင်းမွန်သော အစီအစဉ်တစ်ခုဖြစ်၏။ ဥပမာတစ်ခုနှင့်ပြောပြချင်သည်။

နိုင်ငံတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်နေသည့် ကဏ္ဍတစ်ခု၏အခြေခံသည် လူသားအရင်းအမြစ်ဖြစ်သည်။ လူသားအရင်းအမြစ်ဟုဆိုရာတွင် လိုအပ်သည့်ကဏ္ဍအတွက် ပညာရှင်အဆင့်၊ ကျွမ်းကျင်အဆင့်၊ လုပ်သားအင်အား စသောလူ့အရင်းအမြစ်မွေးထုတ်ရေးသည် အဓိကကျနေသည်ကို တွေ့ရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် ပညာရပ်အလိုက် ကျွမ်းကျင်သော လူသားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်ဖို့ ပညာရေးဝန်ကြီးဌာနသည် မည်သို့မွေးထုတ်မည်ကို စီမံအကောင်အထည်ဖော်ရမည်။ အစီအမံကိုနိုင်ငံတော်အကြီးအကဲထံ အကြံပြုတင်ပြနိုင်လိမ့်မည်။ ခရီးစဉ်၌ ၎င်းကိုယ်တိုင်တွေ့ကြုံခဲ့ရသည်။ ဤအတွေ့အကြုံအား မိမိဝန်ကြီးဌာန အနေနှင့် မည်သို့အကောင်အထည်ဖော်ရမည်ကို ရှင်းလင်းစွာတွေ့မြင်သွားနိုင်သည်။

မည်သည့်ကဏ္ဍမဆို အောင်မြင်အောင် ဖော်ဆောင်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၏ ပညာရှင်၊ ကျွမ်းကျင်၊ လုပ်သားဟူသည် လူသားအရင်းအမြစ်ကို မည်သို့မည်ပုံမွေးထုတ်ပေးရမည့် အစီအမံကို သေချာက်တစ်ခုပမာတွေ့မြင်ရမည်။ ဤကဲ့သို့ နိုင်ငံတော်အကြီးအကဲခရီးစဉ်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလိုက်ပါသွားခြင်းမှာ နိုင်ငံတော်အတွက် ကဏ္ဍအလိုက် ပညာတတ် လူသားအရင်းအမြစ်မွေးထုတ်ရေးခွဲများစွာ အထောက်အကူကောင်းရရှိနိုင်မည်ကို ခန့်မှန်းတွေ့မြင်ရသည်။ နိုင်ငံတော်အကြီးအကဲ၏ ရှေ့တိုးသမျှခြေလှမ်းတိုင်းသည် ပိုမိုအားကောင်းလာလိမ့်မည်။ စာရေးသူ၏အမြင်နှင့်တင်ပြခြင်းသာဖြစ်၏။

ယခုခရီးစဉ်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ချောချောစိန် လိုက်ပါလာခဲ့၏။ ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးနှင့် သီးခြားတွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ တွေ့ဆုံရာတွင် ရန်ကုန်တက္ကသိုလ်နှင့် ဘယ်လာရုစ်နိုင်ငံ State တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန်၊ ပညာရေးဝန်ကြီးဌာန အချင်းချင်းနားလည်မှုစာချွန်လွှာရေးထိုးရန်ကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ အသက်မွေးဝမ်းကျောင်းမှု ပညာနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပညာရေးဖော်ဆောင်မှု လုပ်ငန်းများအား လာရောက်လေ့လာနိုင်ရေး စသည့်ပညာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်။

ခရီးစဉ်တွင် လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် Belarusian State Medical University ၌ ဘယ်လာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Mr. Aliaksandr Khajayeuနှင့် တွေ့ဆုံဆွေးနွေးခဲ့သေးသည်။

နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးပြီး တက္ကသိုလ်၏ ကျောင်းသားများ ပညာသင်ကြားနေမှုများကို လှည့်လည်လေ့လာခဲ့ကြသည်ကိုတွေ့ရ၏။

နိုင်ငံတော်အကြီးအကဲ၏ဘယ်လာရုစ်နိုင်ငံ ဒုတိယရက်ခရီးစဉ် ပုံရိပ်များသည် အုပ်ချုပ်ရေးကဏ္ဍဖြစ်သည့် နိုင်ငံတော်အကြီးအကဲချင်းတွေ့ဆုံမှု၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်နှစ်ရပ်ဆိုင်ရာတွေ့ဆုံဆွေးနွေးမှု၊ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အဆင့်တွေ့ဆုံဆွေးနွေးမှုစသောအရေးကြီးသည့်လုပ်ဆောင်ချက်များကို ပီပြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာ–ဘယ်လာရုစ်နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည်ရေးကို အခြေခံလျက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြင့်မားစွာ ပိုမိုတိုးတက်လာလျှင် အနာဂတ်ကိုယ်စီသို့ ကောင်းကျိုးကိုယ်စီတည်နေဦးမည်ကို ခိုင်မာစွာ ယုံကြည်နေမိပါသည်။ ။

ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့ ညနေပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Moroz Denis နှင့် မင့်စ်မြို့ရှိစွမ်းအင်ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဓာတ်မြေဩဇာစက်ရုံများအပါအဝင် Petrochemical Plant များတည်ဆောက်ရန်အတွက် နည်းပညာနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အရင်းအနှီးများထည့်ဝင်၍ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုပိုက်လိုင်းကွန်ရက်အား အဆင့်မြှင့်တင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ဆုံးရှုံးမှုများလျော့နည်းပပျောက်စေရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပို့လွှတ်မှုတို့တွင် စနစ်တကျထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid တို့ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာများအကူအညီပေးရေး၊ မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသည့် Cable များနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှစ်ရပ်စလုံးအတွက် လူစွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးလာရေးအတွက် သင်တန်းကျောင်းများ၊ တက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးရေးအပါအဝင် နှစ်နိုင်ငံစွမ်းအင်လုံခြုံရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ဒုတိယအထွေထွေညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား ဒုတိယဝန်ကြီး ဦးသွင်အောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၌ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ(HRPS) တပ်ဆင်လည်ပတ်ပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ကြိုတင်မျှော်မှန်းတွက်ဆ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန် လိုကြောင်း၊ စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်နိုင်ပါက နိုင်ငံတော်၏သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ဇယားများအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း ယမန်နေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ကို ကြည့်ရှုစစ်ဆေးစဉ် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်က စက်ရုံတာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)အား နည်းပညာဆိုင်ရာကြီးကြပ်ကွပ်ကဲရန် ဝန်ဆောင်မှုပေးခြင်းစာချုပ်ချုပ်ဆိုနိုင်ရေးညှိနှိုင်းခဲ့မှု၊ HRPS လည်ပတ်နိုင်ရေးအပြီးသတ်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လုပ်ငန်းများအား ဖွဲ့စည်းတာဝန်ပေးအပ်မည့်အခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာငွေရသုံးဆိုင်ရာနှင့်စပ်လျဉ်းသည့်မူဝါဒများကိုလည်းကောင်း၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံကိုလည်းကောင်းရှင်းလင်းကြသည်။



ဆက်လက်၍ စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ (HRPS)၏ အခြေအနေနှင့် သံရည်ကျိုအလုပ်ရုံတွင် သံရည်ကျိုမီးဖို (Romelt Furnace)၊ ချော်ရည်ကျိုမီးဖို (Slag Melting Furnace)။ ကုန်ကြမ်းသယ်ပို့သည့် Conveyor များကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ရိုလ်မက်(Romelt) မီးဖိုပြန်လည်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်မှုဝန်ဆောင်မှုပေးခြင်း စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

မြဝတီ

ယခုဘဏ္ဍာရေးနှစ်လေးလတာကာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ခုနစ်သိန်းနီးပါးတင်ပို့ထား

ရန်ကုန် ဩဂုတ် ၂၂

ယခုဘဏ္ဍာရေးနှစ်လေးလတာကာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၂၃၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ခုနစ်သိန်းနီးပါးတင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏စာရင်းများအရ သိရသည်။

ထိုသို့တင်ပို့ရာတွင် ယခုဘဏ္ဍာရေးနှစ်ဖြေလအတွင်း ဆန်နှင့်ဆန်ကွဲပို့ကုန်ကုမ္ပဏီ ၄၄ ခုမှ အမေရိကန်ဒေါ်လာ ၅၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၆၉၅၅၉ တန်တင်ပို့နိုင်ခဲ့ပြီး မေလအတွင်း ပို့ကုန်ကုမ္ပဏီ ၄၂ ခုမှ အမေရိကန်ဒေါ်လာ ၄၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၃၆၂၆၂ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဇွန်လအတွင်း ပို့ကုန်ကုမ္ပဏီ ၄၇ ခုမှ အမေရိကန်ဒေါ်လာ ၇၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၂၃၇၁၄ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လအတွင်း ပို့ကုန်ကုမ္ပဏီ ၅၄ ခုမှ အမေရိကန်ဒေါ်လာ ၆၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၇၀၁၉၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေးလတာကာလအတွင်း မြန်မာ့ဆန်နှင့်ဆန်ကွဲကို ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့ခြင်းဖြစ်ပြီး ဆန်တန်ချိန် ၄၂၆၆၇၆ တန်နှင့် ဆန်ကွဲတန်ချိန် ၂၇၃၀၅၄ တန် တင်ပို့နိုင်ခဲ့သည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲများတင်ပို့ရာတွင် ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေခြင်းဖြစ်ကာ လစဉ်ကုမ္ပဏီပေါင်း ၅၀ ကျော်မှ တင်ပို့လျက်ရှိသည်။

ထိုသို့တင်ပို့ရာတွင် တရုတ်၊ ဖိလစ်ပိုင်စသည့် အာရှနိုင်ငံများအပြင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ လစဉ်တင်ပို့လေ့ရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းကလည်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၇၄၀၇၃၉ တန်တင်ပို့နိုင်ခဲ့ပြီး ဘဏ္ဍာရေးနှစ်အလိုက် ပို့မိုတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါဝါ

ထီလာမောင်ဖလား(အမျိုးသား)အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မိတ္ထီလာ သြဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ထီလာမောင်ဖလား(အမျိုးသား) အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သြဂုတ်လ ၂၁ ရက် ညနေပိုင်းတွင် ခရိုင်အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်မည့်ဘောလုံးအသင်းများမှ အားကစားသမားများကို တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ဗိုလ်တစ်ထောင် အသင်းနှင့် ဘုန်းရိပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး အဆိုပါဘောလုံးပြိုင်ပွဲကို သြဂုတ်လ ၂၁ ရက်မှ စက်တင်ဘာလ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ဘောလုံးအသင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

ဘုတလင်မြို့နယ်၌ ဆီထွက်သီးနှံနေကြာစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး

ဘုတလင် သြဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံဧက ၅၇၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့ထိ ၄၀၈၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

“ဒီနှစ် ဘုတလင်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကိုလျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာပဲစိုက်ကြတာပါ”ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ဘုတလင်မြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောစျေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

ရန်ကုန်ရဲ့မိုး

❐ ရော်ရွက်လက်ကျန်၊ ငိုရှိုက်သံနှင့်
လွင့်ပျံငြိမ်းချုပ်၊ နွေသရုပ်ကို
နှုတ်ဆက်ပြန်ကြ၊ ဝသန်လဝယ်
မြကျောက်နှယ်ပုံ၊ ရွက်သစ်စုံအောင်
ရန်ကုန်ရဲ့မိုး၊ သွန်းဖြိုးပါလေ။

❐ သီးငုံဖူးကင်း၊ ရှားဘိခြင်းကြောင့်
ခုန်ဆင်းတက်ပြေး၊ ငှက်ကလေးတို့
ဝမ်းရေးသင့်မျှ၊ သီးချိုရအောင်
ငါဝမ်းပူဆာ၊ ဖြေရေးသာအောင်
မေတ္တာ အမျှန်၊ ကံအဆုံဝယ်
ရန်ကုန်ဖွဲ့မိုး၊ သွန်းဖြိုးပါလေ။

❐ အပူအအိုက်၊ အဟိုက် အနွမ်း
အပန်းအမော၊ နွေရဲ့တောမှာ
ကြွေသောပန်းကို၊ တမ်း မငိုချင်
စမ်းလိုသဏ္ဌာန်၊ ပန်းကိုပန်မည့်
ရန်, ကုန်တဲ့မိုး၊ သွန်းဖြိုးပါလေ။

❐ အို . . . ရန်ကုန်ရဲ့မိုး
ရန်ကုန်ဖွဲ့မိုး
ရန်,ကုန်တဲ့မိုး
ဖြိုးပါစွေပါ၊ ကြဲဖြန့်ပါလေ
ရာသီမုတ်သုံ၊ တိမ်ဝတ်မှုန်နှင့်
ရဂုံမြို့ရပ်၊ ကြိုင်လှိုင်ထပ်အောင်
မြတ်သောမိုးရဲ့ ရွာလှည့်လေ . . ။ ။

မြင်းမူမောင်နိုင်မိုး

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၁၊ ၀၆၇-၃၄၀၄၁၂၂၊ ၀၆၇-၃၄၀၄၁၃၃၊ ၀၆၇-၃၄၀၄၁၄၄၊ ၀၆၇-၃၄၀၄၁၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၃၉၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၂၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

❑ **အလှမ်းကွာဝေးသည့်နိုင်ငံတစ်ခုဖြစ်သော်လည်း ယခင်နိုင်ငံ့အကြီးအကဲများက အမြော်အမြင်ကောင်းမွန်စွာဖြင့် ဘယ်လာရုစ်နိုင်ငံနှင့်ဆက်ဆံရေးကို စတင်တည်ထောင်ခဲ့၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် နှစ်နိုင်ငံအကြား ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကာ ယခုအခါ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာခဲ့ပြီဖြစ်၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမြှင့်တင်ခြင်းအဖြစ် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီဖြစ်၊ ဘယ်လာရုစ်နိုင်ငံသည် မိမိတို့နိုင်ငံ၏မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံပင်ဖြစ် . . .**

❑ **ဘယ်လာရုစ်နိုင်ငံနှင့်ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ . . .**

❑ **ပညာတော်သင် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်ကြားရသည့် ဘာသာရပ်များအား မိမိတို့နိုင်ငံ၏အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေး စနစ်တကျသင်ယူကြရန်လို၊ ပညာသင်ကြားရေးအပိုင်းတွင်လည်း တစ်ဦးချင်းအတွက်အကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားများကိုလေ့လာရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရန်လို . . .**

➥ ကျော်ဖုံးမှအဆက်

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်အလှမ်းကွာဝေးသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ယခင်နိုင်ငံ့အကြီးအကဲများက အမြော်အမြင်ကောင်းမွန်စွာဖြင့် ဘယ်လာရုစ်နိုင်ငံနှင့်ဆက်ဆံရေးကို စတင်တည်ထောင်ခဲ့ပြီး မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် နှစ်နိုင်ငံအကြား ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကာ ယခုအခါ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မိမိတို့နိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံပင်ဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကဲ့သို့ သိပ္ပံနှင့်နည်းပညာများလည်း များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံတွင် လယ်ယာစက်မှုလုပ်ငန်းများတိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ရောက်ရှိချိန်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအောင်မြင်စေရေးအတွက် သံရုံးတွင်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ ပညာရေးသင်ကြားရေးသည်လည်း အဆင့်မီသည့် ပညာရေးစနစ်တစ်ခုဖြစ်သည်ကိုတွေ့ရှိရပြီး မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်တန်းသားများလည်း လာရောက်၍ ပညာများဆည်းပူးလျက်ရှိသည်ကိုသိရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင်လာရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်ကြားရသည့် ဘာသာရပ်များအား မိမိတို့နိုင်ငံ၏အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေး စနစ်တကျသင်ယူကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံနှင့်အလှမ်းကွာဝေးပြီး ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုတွင် ငွေကြေးနှင့်အချိန်များပေးဆပ်၍ သင်ကြားနေကြရခြင်းဖြစ်သဖြင့် စနစ်တကျသင်ယူပြီး နိုင်ငံအတွက် အကျိုးရှိအောင်ဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ကဲ့သို့ အာရှနိုင်ငံများမှလာရောက်သင်ကြားလျက်ရှိသည့် နိုင်ငံသားများနှင့် ပေါင်းသင်းဆက်ဆံမှုများကောင်းမွန်အောင်ဆောင်ရွက်ပြီး မိမိတို့နိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို မိမိတို့ကိုယ်တိုင်သိရှိအောင်လေ့လာဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ မသိရှိသေးသူများကိုလည်းသိရှိစေရေးတစ်ဖက်တစ်လမ်းမှဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့၏အတွေ့အကြုံနှင့် တိုင်းပြည်၏အခြေအနေအပေါ်မူတည်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပတွင် နေထိုင်စဉ်အတွင်း တိုင်းပြည်မျက်နှာမပျက်အောင်နေထိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရေးအပိုင်းတွင်လည်း တစ်ဦးချင်းအတွက်အကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားများကို လေ့လာရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရန်လိုကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် တစ်ဦးချင်း၏ကျန်းမာရေးကို ဂရုစိုက်ကြရန်နှင့် ကျန်းမာရေးကို အထောက်အကူပြုစေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို လုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီးနှင့်သင်တန်းသားများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

---

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် သြဂုတ် ၂၂

မွန်ပြည်နယ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကမွန်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ထင်သန်းက မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စိစစ်ရွေးချယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်နယ်အဆင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဗဟိုအဆင့်သို့သွားရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်များအကောင်းဆုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကော်မတီအသီးသီးက ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဝိုင်းဝန်းဆောင်ရွက်သွားကြရန်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သူဇာဇံကမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျင်းပရေးကော်မတီဝင်များက ပြိုင်ပွဲ



အမျိုးအစားများအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘာသာရပ်ဆိုင်ရာလေ့ကျင့်ရေးအစီအစဉ်များနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဖွဲ့စည်းထားရှိမှုကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ (၄၀၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှပြန်လည်ထွက်ခွာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူဗားပြည်နယ်၊ ကီဇီးလ်မြို့သို့ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ အလေးပြုကြစဉ်။

နေပြည်တော် ဩဂုတ် ၂၂

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။


ထို့သို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင်နေရာယူ၍ အလေးပြုကြသည်။


ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူဗားပြည်နယ်၊ ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့သို့ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အမျိုးသမီးငယ်နှစ်ဦးက တူဗားပြည်နယ်၏ယဉ်ကျေးမှုတစ်ခုဖြစ်သော တူဗားပြည်နယ်သို့လာရောက်သည့် ဧည့်သည်တော်များကို နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုကို ဖော်ပြသည့် အထိမ်းအမှတ်ပဝါများကို ခြုံလွှမ်းပေးပြီး လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများက တူဗားပြည်နယ်၊ ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြစဉ်။





▼ ကျောဖုံးမှအဆက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိုပစိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသော တိမ် တိုက် များ ကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။


(မိုး/ဇလ)

★ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တူဗားပြည်နယ်အကြီးအကဲနှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာတူဗားပြည်နယ်အကြီးအကဲက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လဲနွေးထွေးစွာဖြင့်ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး တူဗားပြည်နယ်၏သမိုင်းကြောင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာ အချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင်နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့်ကိုးကွယ်ယုံကြည်မှုများတူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့်တူဗားပြည်နယ်တို့အကြား ဘာသာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့်ခရီးသွားကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်လိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ်၏သမိုင်းကြောင်း၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏စိတ်နှလုံးကို ချမ်းမြေ့စေကြောင်း ဖြင့်ပြောကြားပြီး မြန်မာ-ရုရှားနှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများ ရှည်လျားကောင်းမွန်လျက်ရှိမှုနှင့် ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိမှု၊ နှစ်နိုင်ငံဗဟိုအစိုးရအဖွဲ့အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်ကာ မိမိတို့နိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတများ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့်မြန်မာနိုင်ငံနှင့်တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိမှု၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်မှု၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများပိုမိုမြင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက်ပိုမိုတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍အကျယ်တဝင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ်အကြီးအကဲတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ်အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ပြည်နယ်ရိုးရာယဉ်ကျေးမှုတေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ်အကြီးအကဲတို့သည်အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။



ဂုဏ်ပြုညစာစားပွဲတွင် တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ပြည်နယ်ရိုးရာယဉ်ကျေးမှုတေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြစဉ်။

PPIB News

● ကရင်ပြည်နယ်မှ

အဆိုပါဘားအံမြို့နယ် ရသေ့ပျံကျေးရွာအနီးရှိ ရသေ့ပျံဂူနှင့် အလင်းအင်းခရီးစဉ်ဒေသကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးကြည့်ရှုစစ်ဆေးပြီး ခရီးစဉ်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဧည့်သည်များ အင်းရေပြင်ပေါ်တွင် ဝါးဖောင်ဖြင့် အလည်အပတ်သွားရောက်ဓာတ်ပုံရိုက်ကူးနိုင်ရေး၊ ဒေသထွက်ကုန်၊ အစားအစာနှင့်အမှတ်တရပစ္စည်းအရောင်းဆိုင်များစနစ်တကျဖြစ်စေရေး၊ အလင်းအင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်အတွက် ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

အလားတူ ဘားအံမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့အင်္ဂါရုပ်များနှင့်အညီ Green City, Clean City ဖြစ်စေရေး ရွှေဘိုကျောင်းပရိယတ္တိစာသင်တိုက်နှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)တို့တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၂

မုဒုံ	၄	ဒသမ	၉၆	လက်မ	ရွှေဘို	၃	ဒသမ	၁၉	လက်မ
ကျိုက္ခမီ	၄	ဒသမ	၈၄	လက်မ	ကိုကိုးကျွန်း	၃	ဒသမ	၁၅	လက်မ
ဟိုင်းကြီးကျွန်း	၃	ဒသမ	၈၂	လက်မ	မော်လမြိုင်	၂	ဒသမ	၉၅	လက်မ
ကျိုက်မရော	၃	ဒသမ	၆၂	လက်မ	ထားဝယ်	၂	ဒသမ	၆၈	လက်မ
ချောင်းဆုံ	၃	ဒသမ	၄၃	လက်မ	ပေါင်	၂	ဒသမ	၆၄	လက်မ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation leaves Belarus, arrives in Kyzyl, Tuva Repulic, Russian Federation



President of the Republic of the Union of Myanmar U Min Aung Hlaing being seen off at Minsk International Airport by officials.

NAY PYI TAW August 22

President of the Republic of the Union of Myanmar U Min Aung Hlaing and his high-level Myanmar delegation, who were on an Official Visit to Minsk in Belarus at the invitation of President of the Republic of Belarus Mr. Aleksandr Lukashenko, left Minsk International Airport in Belarus at 8.20 am local time today.

The President and his delegation were warmly seen off at the airport by Deputy Prime Minister of Belarus H.E. Mr. Viktor Karankievch, Deputy Minister of Foreign Affairs H.E. Mr. Sergey Lukashevich, officials of Belarusian government, the Belarusian Ambassador to Myanmar, Myanmar ambassador to Belarus U Maung Maung Soe and officials.

During the warm farewell ceremony, the Guard of Honour of Belarus also took positions on both sides of the red carpet and saluted President U Min Aung Hlaing.

The President and his delegation arrived at Kyzyl International Airport, Kyzyl, Tuva Republic, Russian Federation at 6.20 pm local time, and were cordially welcomed by Mr. Vladislav Khovalyg, Head of the Tuva Republic and officials of the local government, Myanmar Ambassador to Russian Federation U Myo Moe Aung, and officials.

During the welcoming ceremony, two young girls warmly welcomed the President and delegation by draping commemorative scarves over them as a symbol of deep respect and honor to the dignitaries visiting the Tuva Republic, which is a culture of the republic.

Myawady

President U Min Aung Hlaing holds meeting with Head of Tuva Region



President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with the Head of the Tuva Republic Mr. Vladislav Khovalyg.

NAY PYI TAW August 22

President of the Republic of the Union of Myanmar U Min Aung Hlaing, who is on an Official Visit to the Russian Federation, held talks with the Head of the Tuva Republic Mr. Vladislav Khovalyg at 7 pm local standard time today at the Regional Government House in Kyzyl.

Arriving at the Government Residence of the Tuva Regional Government House where the meeting was to be held, the President was warmly welcomed by the Speaker of the Regional Parliament Mr. Karaool Sholban and relevant officials.

The President attended along with the Union Ministers and members accompanying him on the trip, the Myanmar Ambassador to the Russian Federation, and relevant officials, while the Head of Tuva Republic was joined by the Speaker of the Regional Parliament, the Ambassador of the Russian Federation to Myanmar, and members of the regional government.

At the meeting, the Head of Tuva Republic said that they warmly and cordially welcome the Myanmar high-level delegation led by the President of the Republic of the Union of Myanmar. He explained facts about the history of Tuva Region, agriculture and livestock farming and mineral exploration in Tuva Republic, the faith of the majority of residents in Tuva Republic is Buddhism, same religious beliefs with Myanmar, and promotion of cooperation between Myanmar and Tuva Republic in religion, culture, education and tourism sectors.

The President and party watched a video clip on the history of the Tuva Republic, beautification and development undertakings.

In response, the President said that he was pleased and thankful to the Head of Tuva Republic and members of the regional government for warmly welcoming the Myanmar high-level delegation led by him; that this was his first visit to Tuva Republic, and seeing the clean, pleasant, beautiful, and lush green mountain landscapes brought peace to their hearts. The President said Myanmar and Russia are reliable close friends, and despite the geographical distance, their diplomatic ties have been long-standing and positive. He explained friendship and cooperation have now reached an optimal stage to gain momentum to initiate enhancement of friendship and cooperation,

See Page - 19 ●●

●● From Page - 18

promotion of cooperation between the central governments of both countries, and strengthening cooperation between states from both countries. The President stated that the Tuva Republic is a region rich in mineral resources with thriving agriculture and livestock industries, and Myanmar is also a nation abundant in aboveground and underground natural resources that carries out agriculture and livestock farming. Hence, there is strong potential and opportunity to further promote cooperation between Myanmar and Tuva Republic. The President highlighted that bilateral promotion of pilgrimage and tourism services as the majority of Myanmar is Buddhist while the majority of the Tuva Republic is also Tibet Buddhist, strengthening of diplomatic relations more than now in order to leverage up relations between governments and peoples of both countries, and plans to further promote friendship and cooperation between the two countries.

The President and the Head of Tuva Republic posed for documentary photos.

After the meeting, the President and party attended the dinner in their honour hosted by the Head of Tuva Republic. Before and during the dinner, cultural troupes of Tuva Republic performed cultural songs and dances.

After the dinner, the President and the Head of Tuva Republic exchanged commemorative gifts.

Myawady

First Lady offers rice, requisites to nunneries in Nay Pyi Taw in Union Territory

NAY PYI TAW August 22

A ceremony to offer rice and requisites to Buddhist learning nunneries and nunneries in Nay Pyi Taw, Union Territory, was held at the Mingalar Byuhar Sasana Beikmandawgyi in Nay Pyi Taw in Union Territory at 2 pm this afternoon and First Lady of the Republic of the Union of Myanmar Daw Kyu Kyu Hla attended the ceremony, offering rice and requisites to nun.

Also present at the ceremony were senior nuns and nuns from Buddhist learning nunneries and nunneries, wife of Vice President (1) Daw San San Aye, the wives of speakers of the Pyithu Hluttaw and the Amyotha Hluttaw, the wife of the Commander-in-Chief of Defence Services, the wife of the Deputy Commander-in-Chief of Defence Services, wives of union-level officials, the wife of the Chief of General Staff (Army, Navy and Air), the wife of the chairman of Nay Pyi Taw Council, deputy ministers, the wives of the chairman and vice chairman of the Myanmar War Veterans Organization and departmental officials.



First Lady Daw Kyu Kyu Hla offers rice and requisites for nunneries to a senior nun in Nay Pyi Taw, Union Territory.

The ceremony was opened with paying obeisance to Buddha by reciting Namotassa three times, followed by the chanting of three Saranagon in Pali and two Metta prayer verses by nuns and the congregation.

Then, nuns recited Metta prayer verses for the well-wishers.

Afterward, the First Lady offered rice and requisites to Daw Nanda Marni of Pyingyi-Sasana Veponla Buddhist Learning Nunnery in Pobbathiri Township and Dr Cekavadi of Amaravati Buddhist Learning Centre of Chanmyaewaithi nunnery.

Then, the wife of Vice President (1), the wives of speakers of the Pyithu Hluttaw and the Amyotha Hluttaw, the wife of the Commander-in-Chief of Defence Services, the wife of the Deputy Commander-in-Chief of Defence Services, wives of union-level officials and the congregation offered rice and requisites to senior nuns and nuns from Buddhist learning nunneries and nunneries.

Afterward, the First Lady and congregation shared merits for donations to residents of 31 realms.

The ceremony concluded with a three-time recitation of "Buddha Sasanam Ciram Tithatu."

Rice and requisites worth Ks- 156,273,400 for 1,474 nuns from 64 Buddhist learning nunneries and nunneries in Nay Pyi Taw in Union Territory at today's ceremony. **Myawady**

Yinmabin District earmarks cultivation of more than 19,000 acres of cotton

YINMABIN August 22

Statistics of the Agriculture Department in Yinmabin District of Sagaing Region stated that local authorities have earmarked cultivation of 19,150 acres of cotton as monsoon crops in the district.

In 2026-2027 monsoon cultivation season, Yinmabin Township set a plan to grow 5,000 acres of cotton, Kani Township 7,000 acres, Salingyi Township 3,200 acres and Pale Township, 3,950 acres, totalling 19,150 acres.

"This year, more than 19,000 acres of cotton are targeted for cultivation in Yinmabin District during the monsoon cropping season. Arrangements are currently being made to begin cultivation within this month. Efforts will be undertaken to ensure that the targeted acreage is fully achieved. To enable farmers to cultivate on time during the planting season, quality cotton seed varieties will be supplied for cotton production," said Daw Myat Moe Win, head of the Agriculture Department in Yinmabin District.

It is learned that, this year, the relevant township agriculture departments in Yinmabin District have been providing technical training courses for cotton growers to ensure access to quality cotton seed varieties, preventive measures against pests and diseases for successful crop production, and the use of proper cultivation methods to achieve good yields. Necessary technical assistance required by cotton farmers will also continue to be provided.

The cultivation cost for cotton is about Ks-350,000 per acre, and the yield is reported to be around 1,000 viss per acre.

In cotton cultivation, farmers can also practice crop sequencing with onions and intercropping with pigeon peas, allowing them to obtain at least one type of crop and thereby increase their income.

Cotton is being successfully cultivated and produced in 19 townships across the districts of Sagaing, Monywa, Yinmabin, Shwebo and Kanbalu in Sagaing Region.

SK

All livestock feed crops harvested in Pwintbyu Township

PWINTBYU August 22

The Department of Agriculture in Pwintbyu Township stated that local farmers have harvested all plantations of animal feed crops in Pwintbyu Township of Magway Region.

They planted 10,220 acres of animal feed crops as cold season crops in the township. Starting from December 2025, they harvested the crop plantations. So far, they have reaped all plantations of animal feeds, producing 2,605 bales of animal feeds per acre.

"We were able to cultivate 10,220 acres of animal feed crops during the winter cropping season in Pwintbyu Township. The main livestock feed crops grown were maize, Napier grass and pulses. Harvesting of these livestock feed crops began in December 2025, and at present all cultivated acreage has been fully harvested. To prevent post-harvest losses, the necessary harvesting techniques and assistance were provided to ensure timely harvesting," said Daw Moe Moe Wai, head of the Township Agriculture Department in Pwintbyu Township.

Local farmers in Pwintbyu Township are engaged in small-scale livestock breeding alongside farming activities to increase their household income. During both the rainy and winter cropping seasons each year, they systematically utilized water from the Meizali diversion weir and groundwater resources to cultivate maize, various pulses, Napier grass and fodder corn.

SMK

Vice President Daw Nan Ni Ni Aye attends and delivers remarks at the opening ceremony of the 2026 Myanmar Traditional Food Competition and Exhibition (Mandalay)

MANDALAY August 22

Under the supervision of the Ministry of Hotels, Tourism and Culture, the opening ceremony of the Myanmar Traditional Food Competition and Exhibition 2026 (Mandalay) (Tastes of the Golden Land 2026 Mandalay), jointly organized by the Mandalay Zone of the Myanmar Restaurant Entrepreneurs Association, was held this morning at the Mandalay Convention Centre in Mandalay. Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye attended the ceremony, delivered an opening speech and presented awards.



Vice President Daw Nan Ni Ni Aye attends the opening ceremony of the 2026 Myanmar Traditional Food Competition and Exhibition (Mandalay).

The ceremony was attended by Union Minister for Hotels, Tourism and Culture U Maung Myint, Mandalay Region Hluttaw Speaker U Aung Kyaw Moe, Mandalay Region Chief Minister U Myo Aung, Deputy Minister U Phyo Zaw Soe, the Chief Justice of the Mandalay Region High Court, Mandalay Region ministers, heads and officials of relevant departments, officials from consulates-general, the Chairman of the Myanmar Tourism Federation and officials from affiliated associations, the Chairman and officials of the Myanmar Restaurant Entrepreneurs Association (Mandalay Zone), judges, participating chefs and invited guests.

First, artists from the Department of Fine Arts under the Ministry of Hotels, Tourism and Culture performed the song "A Land of Diverse Delicacies."

Speaking at the ceremony, Vice President Daw Nan Ni Ni Aye said she was pleased and honoured to deliver the opening remarks at the Myanmar Traditional Food Competition and Exhibition, which is being held with the objectives of promoting Myanmar traditional foods internationally, attracting more international tourists based on Myanmar cuisine, and presenting Myanmar traditional foods to international standards.

She said that as food-related tourism has become increasingly popular in the international tourism sector, Myanmar, where diverse ethnic groups live together, possesses a wide variety of distinctive and attractive cuisines reflecting different regions and ethnic cultures. This provides significant potential for developing gastronomy tourism, which is currently gaining popularity internationally. Organizing Myanmar traditional food competitions and exhibitions not only provides an opportunity to present Myanmar cuisine to international standards but also helps promote Myanmar traditional foods to the world. Therefore, she urged systematic preparations to hold such events annually at appropriate locations and eventually expand them to include international tourists in future years.

She said the food competition and exhibition in Mandalay builds on the success of the previous event held in Yangon and provides a broader platform to showcase upper Myanmar's distinctive traditional dishes, local products and modern culinary creations. She expressed her pride and pleasure at the event being held for the second time in Mandalay, a cultural city renowned as a centre of Myanmar's arts and handicrafts and rich cultural heritage. She also expressed her appreciation to the Ministry and all organizations and individuals involved in organizing the event.

She praised the participating chefs, culinary enthusiasts and small business owners for contributing to the promotion and development of Myanmar traditional foods. By creatively preparing Myanmar traditional dishes while preserving their flavours, they can help highlight Myanmar's culinary culture to the world, she said. She urged contestants to pay attention to preserving the original traditional flavours, incorporating - modern and innovative presentation, and ensuring cleanliness, freshness and health standards. She also instructed the judges to assess contestants systematically and fairly according to established standards and select the outstanding dishes deserving of awards. She expressed her wish that, following the successful first event in Yangon, the second food competition and exhibition in Mandalay would further showcase the rich traditional cuisine of upper Myanmar and make a significant contribution to the development of Myanmar's tourism industry and the regional economy.

Next, Union Minister U Maung Myint explained matters related to the organization of the Myanmar Traditional Food Competition and Exhibition 2026 (Mandalay).

The Vice President then presented certificates of honour to businesspersons who supported the event as Main Sponsors and Gold Sponsors. The Union Minister presented certificates to those who provided support as Silver Sponsors, while the Mandalay Region Hluttaw Speaker presented certificates to Bronze Sponsors, and the Mandalay Region Chief Minister presented certificates to businesspersons who supported the event as Supporting Partners.

Afterwards, the Union Minister respectfully presented a commemorative gift marking the Myanmar Traditional Food Competition and Exhibition 2026 (Mandalay) to the Vice President. A group photo was taken, after which the Vice President toured the competition area and exhibition booths and observed the contestants taking part in the competition.

The Vice President then presented awards of honour to the restaurants and hotels that won prizes in the competition, while the Union Minister presented certificates of honour to the judges, after which the opening ceremony concluded.

The event, the second of its kind to be held in Myanmar, offers visitors the chance to experience and purchase Myanmar traditional foods presented in an international-standard fine dining format, along with traditional dishes from various regions, all at one venue. It also features exhibitions, food sales and experience-sharing activities. It will run through August 23 and include panel discussions where veteran entrepreneurs and food industry experts will share their experiences, as well as entertainment programmes and lucky draws. A total of 11 teams participated in the competition, while 141 exhibition booths are showcasing and selling a variety of food products. **Myawady**

Tamu District adopts plan to grow more than 3,000 acres of vegetables

TAMU August 22

Local authorities decided to grow more than 3,000 acres of vegetables in Tamu District of Sagaing Region this year, according to the district Agriculture Department.

During the 2026-2027 monsoon crop planting season, Tamu District has targeted the cultivation of 3,320 acres of vegetable crops.

"This year, during the monsoon planting season, Tamu District is targeting the cultivation of more than 3,000 acres of vegetables. Efforts will be made to ensure the full target acreage is achieved. The crops include mustard greens, chili, culinary herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical assistance so that all vegetable crops can be cultivated using GAP methods. We will also provide techniques to help farmers grow vegetables with minimal chemical residues and in a way that is safe for health," said U Hla Myint, head of the Tamu District Agriculture Department.

For the 2026–2027 monsoon planting season, the township-wise targets for vegetable cultivation in Tamu District are 875 acres in Myothit Township, 930 acres in Tamu Township, and 1,515 acres in Khampak, for a total of 3,320 acres.

Township agriculture departments in Tamu District will provide technical training to vegetable farmers on GAP cultivation methods, techniques to ensure harvested vegetables are safe and healthy for consumption, and support measures to encourage farmers to expand vegetable cultivation. **SK**

President U Min Aung Hlaing meets Myanmar Embassy staff and trainees in Republic of Belarus



President U Min Aung Hlaing meets Myanmar Embassy staff and trainees in Republic of Belarus.

NAY PYI TAW August 22

President of the Republic of the Union of Myanmar U Min Aung Hlaing, currently on an Official Visit to Minsk, the Republic of Belarus, met with families of the Myanmar Embassy staff and trainees at the Double Tress by Hilton Hotel yesterday at 7:15 pm local time and delivered an address.

The meeting was attended by accompanying Union Ministers, the Chief Executive Officer of the Myanmar Space Agency, the Chief Minister of Taninthayi Region, senior military officers from the Office of the Commander-in-Chief, Deputy Ministers, Myanmar Ambassador to Bela rus U Maung Maung Soe, embassy staff and their families, and trainees.

In his address, the President stated that this official visit to Belarus came at the invitation of Belarusian President Mr. Aleksandr Lukashenko after he assumed the duties of Head of State. He noted that although Belarus is geographically distant, previous State leaders had the foresight to establish relations with the country. During his tenure, efforts were made to further enhance bilateral ties, leading to significant progress in friendship and cooperation between Myanmar and Belarus. As part of elevating diplomatic relations, the Embassy of Myanmar in Belarus was also established, and Belarus remains a true and valued friend of Myanmar.

He highlighted that Belarus successfully develops its economy through modern machinery grounded in agriculture and livestock breeding, alongside advanced developments in science and technology. As Myanmar is also an agriculture- and livestock-based manufacturing country, cooperation with Belarus will greatly support the advancement of Myanmar's science, technology, and agro-livestock sectors. For this reason, active efforts are underway to enhance bilateral cooperation.

He noted that Belarus possesses advanced agro-industries and employs modern methods in livestock farming, successfully exporting products internationally. Given that Myanmar also relies on agriculture and livestock, both nations share common ground. The President observed firsthand the thriving agricultural industry during his visit, emphasizing that expanding relations with Belarus will yield substantial benefits for Myanmar.

To further deepen these ties, the Myanmar–Belarus Cooperation Roadmap (2026–2028) is being drafted and implemented. He urged embassy personnel to actively work toward the success of these joint cooperation initiatives.

He remarked that Belarus offers a high standard of education, attracting students and trainees from many countries, including Myanmar. He urged State scholars and trainees studying in Belarus to systematically pursue their respective fields so they can apply their knowledge for the benefit of their nation. Because their education is being pursued at the cost of significant time and financial resources in a distant country with harsh weather, he emphasized the importance of disciplined study to serve the motherland effectively.

The President encouraged students to maintain good relations with peers from Asian and other countries, preserve the dignity of Myanmar, and uphold the nation's honour. He affirmed that efforts are underway to keep the country firmly on the path of multi-party democracy desired by the public, ensuring national peace, stability, and development. Furthermore, he noted the importance of understanding the true historical facts of the nation and helping educate others who may not know them.

He advised them to act appropriately according to their circumstances and experiences, behave respectfully abroad to uphold the nation's image, and engage in physical exercise to maintain health. Regarding their studies, he encouraged them to learn beneficial foreign languages alongside modern, evolving technologies. Since Belarus experiences harsh weather, he reiterated the importance of looking after their personal well-being and staying physically active.

Afterward, the President presented foodstuffs and honorary cash awards to the embassy families and scholar trainees, which were accepted by the Ambassador and trainees.

Myawady

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ တွေ့ဆုံဆွေးနွေး



နေပြည်တော် သြဂုတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင်ရူဇန်ကော့ဗ်တို့သည် သြဂုတ်လ ၂၁ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။


ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများသည် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက်တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြပြီး ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ရှိသည့် လယ်ထွန်စက်ထုတ်လုပ်ခြင်း၊ Optical Rader ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ သံရုံးအဆောက်အဦ သို့မဟုတ် မြေနေရာလဲလှယ်ရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့် အသက်ဝင်နေပြီဖြစ်သောကြောင့် လေကြောင်းလိုင်းများအဆင်ပြေစေရေးဆောင်ရွက်ပေးရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ Tourism Infrastructure များစွာရှိခြင်းကြောင့် ခရီးသွားကဏ္ဍတွင်လည်း နှစ်ဖက်တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံ ဘက်မှ ဆောင်ရွက်သွားလိုသည့်ကိစ္စများ အလိုက် မြန်မာနိုင်ငံသို့စာပေးပို့စေလိုကြောင်း၊ မိမိတို့ဘက်မှ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



(၂၀)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ



(၂၀)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး(20th ASEAN Navy Chiefs' Meeting – 20th ANCM) ကျင်းပစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း (၂၀)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (20th ASEAN Navy Chiefs' Meeting – 20th ANCM) သို့ တက်ရောက်လာကြသူများနှင့်စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် သြဂုတ် ၂၂

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၀)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (20th ASEAN Navy Chiefs' Meeting – 20th ANCM) သို့တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် သြဂုတ်လ ၂၁ ရက်ညနေပိုင်းတွင်ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၂၀)ကြိမ်မြောက်အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးတက်ရောက်ခြင်း၊ အာဆီယံရေတပ်ဦးစီးချုပ်များအား သီးခြားစီတွေ့ဆုံခြင်းနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်းများဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၂၀)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (20th ASEAN Navy Chiefs' Meeting – 20th ANCM) ကို သြဂုတ်လ ၁၈ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တက်ရောက်သည်။ ဦးစွာ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Adul Boonthumjaroen က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကိုဖွင့်လှစ်ပေးသည်။ ယင်းနောက် ယခင်နှစ် (၁၉)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး မှတ်တမ်းအားအတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်း ပင်လယ်ရေကြောင်းလုံခြုံရေး အခြေအနေများအား အကျဉ်းချုပ်တင်ပြဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက **အာဆီယံတစ်ရပ်၊ ရေကြောင်းမျှော်မှန်းချက်အမြင်တစ်ခုတည်းဖြင့် အာဆီယံဒေသတွင်း ပင်လယ်ရေကြောင်းဆိုင်ရာကြွယ်ဝဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု (One ASEAN, One Maritime Vision: Naval Cooperation for Maritime Prosperity and Sustainability in ASEAN)** ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းက **ပင်လယ်ရေကြောင်းဆိုင်ရာကြွယ်ဝဖွံ့ဖြိုးတိုးတက်မှုနှင့် အပြာရောင်စီးပွားရေး၊ ရေကြောင်းပတ်ဝန်းကျင်ရေရည်တည်တံ့ခိုင်မြဲရေးနှင့် စိန်ခေါ်မှုများအား ရေတပ်ချင်းပူးပေါင်းဆောင်ရွက်မှုဖြင့်ရင်ဆိုင်ခြင်းများ**ကိုဆွေးနွေးခဲ့သည်။ ယင်းနောက် သတင်းအချက်အလက်မျှဝေခြင်း၊ ဆွေးနွေးဖလှယ်ခြင်းအစီအစဉ်များနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် ANCM အစီအစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် သဘာဝဘေးထိုင်းရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ထိုင်းရေတပ်ဦးစီးချုပ်နှင့် ဗီယက်နမ်ရေတပ်ဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ရောက်ရှိနေသော အာဆီယံရေတပ်ဦးစီးချုပ်များနှင့်အဖွဲ့သည် သြဂုတ်လ ၂၀ ရက်တွင် Rattanakosin Exhibition Hall ၌ လှည့်လည်ကြည့်ရှုခြင်းများ ပြုလုပ်ခဲ့ပြီး ညပိုင်းတွင် ထိုင်းရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး

ဒေါက်တာမူ(စိုက်ပျိုးရေး)

မြန်မာနိုင်ငံ၌ ပြည်တွင်းဆီစားသုံးရန် ဆီထွက်သီးနှံများမှာ နေကြာ၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ ပဲပုပ်၊ ဆီအုန်း၊ ဝါစေ့၊ ကြက်ဆူစေ့တို့ဖြစ်သည်။ နေကြာမျိုးစိတ်ပေါင်း ၇၀ ကျော်ရှိပြီး မူရင်းဒေသမှာ မြောက်အမေရိကတိုက်ဖြစ်ကြောင်းသိရသည်။ နေကြာပင်သည် ညစ်ညမ်းသောမြေများ (Contaminated Soil) မှ သံပိပ်သည်းဆများသည့် သတ္တုခဲဘတ် (Heavy Metals) များကို စုပ်ယူပြောင်းလဲပေးနိုင်သော အရည်အသွေးရှိသည်။ အမြစ်ဝန်းကျင်တစ်ဝိုက်ရှိ မြေဆီလွှာသန့်စင်စေပြီး မြေဆီလွှာကို ဖွံ့ဖြိုးမှုကောင်းမွန်စေသည်။

နေကြာဆီထုတ်လုပ်မှု

ဆီထွက်သီးနှံနေကြာသည် ကမ္ဘာလုံးဆိုင်ရာ ဆီသီးနှံစျေးကွက်ကို ဦးဆောင်နေပြီး ရုရှားသည် ၂၀၂၃ ခုနှစ်တွင် ၁၈ ဒသမ ၁ သန်းတန်ဖြင့် ဦးဆောင်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် ၁၇ ဒသမ ၁ သန်းတန်အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားခဲ့သည်။ ကမ္ဘာတစ်ဝန်းထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်တွင် ၅၈ ဒသမ ၆ သန်းတန်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၎င်းသည် ပင်လယ်နက်ဒေသနှင့် အမေရိကတိုက်တွင် စုစည်းထားသော ၇၇ နိုင်ငံအတွင်း အကျုံးဝင်သည်။ ယူကရိန်းသည် ၁၂ ဒသမ ၈ သန်း ထုတ်လုပ်ပြီး အာဂျင်တီးနားသည် ငါးသန်းထုတ်လုပ်သည်။ တရုတ်သည် သုံးသန်းထုတ်လုပ်မှုရှိသည်။ မြောက်အမေရိကတိုက်ဒေသတွင် မူရင်းဖြစ်သော နေကြာပင်ကို နှစ်ပေါင်း ၃၀၀၀ ကျော်က ဒေသခံလူမျိုးများက စိုက်ပျိုးခဲ့ပြီး ဆီပါဝင်မှု ၄၀-၅၀ ရာခိုင်နှုန်းကို ပေးစွမ်းကြောင်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ၎င်းသည် အဓိက ကျန်းမာရေးနှင့်ညီညွတ်သော ဆီထွက်သီးနှံစေ့များအနက် ပဲပုပ်ဆီပြီးလျှင် ဒုတိယ အများဆုံးအဆင့်ဖြင့်ပါဝင်နေသည်။ ချက်ပြုတ်ဆီ၊ ဟင်းရွက်အဆီခဲမာဂျရင်းနှင့် ဘိုင်အိုဒီဇယ်ဆီများ ထုတ်လုပ်ပေးနိုင်သည်။ ဆီကြိတ်ဖတ်သည် တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်သည်။

၂၀၁၈ ခုနှစ်စာရင်းအရ တစ်ကမ္ဘာလုံးမှာ နေကြာဆီတန်ချိန် စုစုပေါင်း သန်း ၂၀ နီးပါး ထုတ်လုပ်ခဲ့သည်။ ယူကရိန်းနိုင်ငံနှင့်ရုရှားနိုင်ငံ နှစ်နိုင်ငံပေါင်းထုတ်လုပ်မှုသည် ကျန်ကမ္ဘာ့နိုင်ငံများအားလုံးထက် ပိုများသည်။ ရုရှားနိုင်ငံသည်နေကြာအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင်တန်ချိန် ၁၅၃ သိန်းထိ ထုတ်လုပ်နိုင်သည်။ ယူကရိန်းနိုင်ငံသည် ဒုတိယအများဆုံးထုတ်လုပ်ပြီး တစ်နှစ်လျှင် တန်ချိန် ၁၅၂ သိန်းထိ ထုတ်လုပ်နိုင်သည်။ ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံထုတ်လုပ်မှုမှာ ကမ္ဘာ့နေကြာထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းထိရှိသည်။

မြန်မာနိုင်ငံအနေနှင့် နေကြာဆီထုတ်လုပ်မှုမှာ ကမ္ဘာ့အဆင့် (၁၁)နေရာမှာရပ်တည်ကာ ၂၀၁၈ ခုနှစ်တွင် တန်ချိန်ပေါင်း ၁၃၁၀၀၀ ကျော်ထုတ်လုပ်ခဲ့သည်။ သို့သော် နေကြာထုတ်လုပ်မှု ပြိုင်ဆိုင်လာ၍ ၂၀၂၅ ခုနှစ်တွင် တန်ချိန်ပေါင်း ၁၈၃၀၀၀ ထုတ်လုပ်ပြီး ကမ္ဘာ့အဆင့် (၂၂) သို့ရောက်ရှိသွားသည်။ နေကြာဆီထုတ်လုပ်သည့် နိုင်ငံအားလုံးနီးပါး ပြည်တွင်းစားသုံးမှုအတွက်ကိုသာ အဓိကအသုံးပြုကြသည်။ ယခုအခါ မြေပဲဆီမှာ ပါဝင်သည့် အာဖလာတောက်ဆင်မှုဆိပ်ကို ကြောက်ပြီး နေကြာဆီပြောင်း၍စားလာကြသူတွေများလာသည်။

✣ နေကြာဆီသည် ကျန်းမာရေးအတွက် စားသုံးဖို့သင့်သည့် စားသုံးဆီတစ်မျိုးဖြစ်ပြီး အထူးသဖြင့် အိုမီဂါ-၉ ဖြစ်သော အိုးလီရစ်အက်စစ်ကြွယ်ဝစွာပါဝင်သည့်အတွက် နှလုံးနဲ့သွေးကြော ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ် . . .


နေကြာဆီသည် ကျန်းမာရေးအတွက် စားသုံးဖို့သင့်သည့် စားသုံးဆီတစ်မျိုးဖြစ်ပြီး အထူးသဖြင့် အိုမီဂါ-၉ ဖြစ်သော အိုးလီရစ်အက်စစ်ကြွယ်ဝစွာပါဝင်သည့်အတွက် နှလုံးနဲ့သွေးကြော ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်သည်။

နေကြာဆီနှင့် ကျန်းမာရေး

ကျန်းမာရေးအတွက်သင့်တော်သော စားသုံးဆီတစ်ခုဖြစ်သည်။ နေကြာဆီကို စားသုံးခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါသည်များအတွက် အသင့်တော်ဆုံးနှင့် အကောင်းဆုံးဖြစ်ကြောင်းသိရှိရသည်။ နေကြာဆီစားသုံးခြင်းဖြင့် အရေပြားမွဲခြောက်ခြင်း၊ ဆံပင်များမွဲခြောက်အားပေးသည်။ ဆီမှာပျော်ဝင်သော ဗီတာမင်များအဖြစ် ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီးနဲ့ ဗီတာမင်ကေများ၏ စုပ်ယူမှုကိုအားပေးသဖြင့် ခန္ဓာကိုယ်အတွင်း ခုခံအားစနစ်တိုးတက်စေရန် အထောက်အကူ များစွာပြုကြောင်း သိရှိရသည်။

နေကြာစေ့ကိုလှော်ပြီးစားကြသလို ဆီကြိတ်ပြီး နေကြာဆီအဖြစ် စီးပွားဖြစ်ရောင်းကြသည်။ နေကြာဆီသည် လုံးဝမိုမပါဝင်ခြင်း၊ အနံ့အရသာကောင်းမွန်ခြင်းနှင့် အကြော်ခံသောကြောင့် စားသုံးရန်သင့်တော်ပြီး ဗီတာမင်အီးနှင့်ဗီတာမင်ကေတို့ကြွယ်ဝစွာပါရှိသည်။

နေကြာစေ့ကြိတ်ဖတ်ကို တိရစ္ဆာန်အစာ၊ အော်ဂဲနစ်စိုက်ပျိုးရေးသုံး မြေဩဇာနဲ့ ဇီဝလောင်စာအဖြစ်အသုံးပြုနိုင်သည်။ နေကြာဆီကို ဇီဝလောင်စာဆီအဖြစ် ဒီဇယ်အင်ဂျင်တွေမှာ ထည့်သွင်းအသုံးပြုနိုင်သည်။ အိုးလီရစ်အက်စစ်များသည် နေကြာဆီကိုမုန့်ဖုတ်ရာတွင် အသုံးပြုနိုင်သည်။ နှလုံးသွေးကြောကျဉ်းလူနာများအတွက် အလွန်သင့်တော်သော စားသုံးဆီဖြစ်သည်။ ကမ္ဘာပေါ်တွင် အများဆုံးထုတ်လုပ်ရောင်းဝယ်နေသည့် နေကြာဆီအမျိုးအစားသုံးမျိုးရှိသည်။ အဓိကအနေဖြင့်ပါဝင်သည့် ဖက်တီးအက်စစ်အချိုးအစားပေါ်မူတည်ပြီး ကွဲပြားသွားခြင်းဖြစ်သည်။ ပုံမှန်နေကြာဆီသို့မဟုတ် လီနိုလီရစ်နေကြာဆီ (Standard Sunflower oil or Linoleic Sunflower)၊ အိုးလီရစ်အက်စစ် ကြွယ်ဝစွာပါဝင်တဲ့ နေကြာဆီ(Sunflower Oil, High Oleic Acid>70%)၊ အိုးလီရစ်အက်စစ် အလယ်အလတ်ပါဝင်တဲ့ နေကြာဆီ (Sunflower Oil, Mid Oleic Acid)တို့ဖြစ်သည်။



နေကြာပင်၏စွန့်ပစ်အမှိုက်ပြာတွင် ဖော့စဖရတ်နှင့် ပိုတက်စီယမ်ဓာတ်များစွာ (very high content of phosphorus and potassium) ပါဝင်သည်ဖြစ်၍ ဖော့စဖရတ်နှင့် ပိုတက်စီယမ်ဓာတ်များစွာ ချို့တဲ့မြေများတွင် အသုံးပြုနိုင်သည်။ ရောဂါကျရောက်မှုများသော စိုက်ခင်းတွင် သုံးနှစ်/လေးနှစ်တစ်ကြိမ် နေကြာသီးလှည့်စိုက်စနစ်ထည့်ပေးခြင်းဖြင့် နေကြာ၏ အထောက်အကူပြုရလဒ် အနေဖြင့် ဖြစ်ပွားနေသောရောဂါကို ဖြတ်တောက်ပေးခြင်းအကျိုးကိုရရှိနိုင်သည်။ ရောဂါပြန့်ပွားမှု၊ အင်းဆက်ပေါက်ပွားမှု၊ ပေါင်းမြက်တိုးပွားမှုတို့ကို နေကြာသီးနှံမှ ဖြတ်တောက် ဟန့်တားပေးနိုင်သည့် အတွက် သီးလှည့်စိုက်ပျိုးရေးတွင် နေကြာသီးနှံကို ထည့်၍စဉ်းစားသင့်သည်။ နေကြာသည် အဝါရောင်စက်ပျောက်မှို (downy mildew) ရောဂါကို ခံနိုင်ရည်ရှိကြောင်း သိရှိရသည်။

သီးနှံမျိုးစုံနှင့်သီးညှပ်၊ သီးထပ်နေကြာ

နေကြာသီးနှံဖြင့် သီးနှံများစွာကို သီးလှည့်၊ သီးညှပ်စိုက်ပျိုးနိုင်သည်။ သီးလှည့်သီးနှံအဖြစ် ပြောင်း - နေကြာ၊ စပါး - နေကြာ၊ ပြောင်း - အာလူး-နေကြာ၊ ပဲစင်းငုံ - နေကြာ၊ နေကြာ - ဆူးပန်း၊ ပြောင်း - ဆီမုန်လည်ငုံး - နေကြာ၊ ပြောင်း - ဆီမုန်လည်ငုံး - ကြံ- ကြံလမိုင်း- နေကြာ စသဖြင့် စိုက်ပျိုးလေ့ရှိကြပြီး သီးညှပ်သီးနှံအဖြစ် မြေပဲ + နေကြာ၊ ပြောင်း + နေကြာ၊ နှံစားပြောင်း + နေကြာ၊ လူး၊ဆပ်+နေကြာ၊ပဲပုပ်+နေကြာ၊ပဲမျိုးစုံ+နေကြာ၊ ဟင်းသီးဟင်းရွက်သီးနှံ+နေကြာ စသည်ဖြင့် တွဲဖက်စိုက်ပျိုးကြောင်း တွေ့ရှိရသည်။ နေကြာသီးနှံကို ပဲမျိုးစုံသီးနှံ၊ အာလူး စသည်တို့နှင့် သီးညှပ်စိုက်ပျိုးခြင်းသည် သီးနှံတစ်မျိုးစီ(Mono Cropping) သီးသန့်စိုက်ခြင်းထက် မြေယာသုံးစွဲမှုကိုတိုးတက်စေသည်။ မြေတွင်းအာဟာရဓာတ် ညီမျှမှုကိုရရှိစေပြီး စုစုပေါင်းသီးနှံအထွက်နှုန်းကို တိုးတက်စေသည်။ သီးနှံတစ်မျိုးချင်းစိုက်သည်ထက်ပင် စီးပွားရေးအကျိုးအမြတ်ကိုပိုမိုရရှိစေသည်။ စိုက်ခင်းတွင်း အပင်အာဟာရညီမျှမှု၊ ရေအစိုဓာတ် မျှတစေမှုကိုရရှိစေပြီး ပေါင်းမြက်ဖုံးလွှမ်းခြင်းကိုလျော့နည်းစေနိုင်သည်။

နေကြာသီးနှံကို အခြားသီးနှံများနှင့် ပေါင်းစပ် (Inter cropping or Multi cropping) စိုက်ပျိုးခြင်းသည် အကျိုးကျေးဇူးများစွာရရှိစေသည်။ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ခြင်းနှင့်မြေယာသုံးစွဲမှုထိရောက်ခြင်းရှိစေသည်။ သုတေသနများအရ နေကြာပန်းကို ပဲပုပ်၊ ပဲတီစိမ်း၊ မတ်ပဲ၊ အယ်ဖာဖာ စသည့် ပဲမျိုးစိတ်များနှင့် ပြောင်းစေ့၊ နှံစားပြောင်းကဲ့သို့သော ကောက်နှံပင်များ၊ အာလူးမျိုးစိတ်များကို ပေါင်းစပ်စိုက်ပျိုးခြင်းသည် မြေအသုံးချမှုအချိုး Land Equivalent Ratio (LER) ၁ ထက် မြင့်တက်လာပြီး တစ်မျိုးတည်းစိုက်ပျိုးခြင်းထက် မြေသုံးစွဲမှု ပိုထိရောက်ကြောင်းပြသသည်။ ပြင်သစ်နိုင်ငံတွင် နေကြာနှင့်ပဲမျိုးစိတ် ပေါင်းစပ်စိုက်ပျိုးမှုတွင် LER တန်ဖိုးသည် ၁ ဒသမ ၂ မှ ၁ ဒသမ ၆ အတွင်းရှိပြီး ၎င်းသည် သီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုထက် စိုက်ပျိုးရေးနှင့် စီးပွားရေးအကျိုးကျေးဇူးများကို ပိုမိုရရှိကြောင်းပြသသည်။

မြေဆီလွှာအရည်အသွေး တိုးတက်စေခြင်းကိုရရှိစေသည်။ ပဲမျိုးစိတ်စိုက်ပျိုးမှုများသည် လေထုထဲရှိ နိုက်ထရိုဂျင်ကို စုစည်းတည်ငြိမ်စေပြီး နေကြာပင်အတွက် မြေဆီလွှာမှာ နိုက်ထရိုဂျင်ရရှိမှုကို တိုးမြှင့်ပေးနိုင်သည်။ ထို့ပြင် ဓာတုမြေဩဇာသုံးစွဲမှုကိုလည်း လျော့ချနိုင်သည်။

အပင်၏ ပတ်ဝန်းကျင်သဘာဝအမျိုးမျိုးနှင့် ပိုးမွှားကျရောက်မှုအခြေအနေကို စိမ်ခန့်ခွဲနိုင်မှုတိုးတက်စေသည်။ သီးနှံများပေါင်းစပ်စိုက်ပျိုးမှုစနစ်များသည် သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုကို တိုးတက်စေပြီး ပိုးမွှားဖိအားလျော့နည်းစေကာ ပေါင်းမြက်ပင်များကို ထိန်းချုပ်ပေးနိုင်သည်။ စီးပွားရေးမျိုးစုံဖွံ့ဖြိုးမှု - သီးနှံမျိုးစုံစိုက်ပျိုးမှုများကို ပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူများသည် သီးနှံအမျိုးမျိုးကိုစိုက်ပျိုးနိုင်ပြီး ဝင်ငွေတိုးမြှင့်ကာ ဈေးကွက်လှုပ်ရှားမှုများသို့မဟုတ် **စာမျက်နှာ ၂၄ သို့ ■**


■ စာမျက်နှာ ၂၃ မှအဆက်

သီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုမအောင်မြင်မှုမှ ဖြစ်ပေါ်နိုင်သောအန္တရာယ်များကို လျော့နည်းစေသည်။ ဝင်ငွေရရှိမှုကို မျှတပြုပြင်နိုင်သည်။

သင့်တော်သော သီးနှံတွဲဖက်ပေါင်းစပ်မှုများ၏ အကျိုးရလဒ်အနေဖြင့် ပဲမျိုးစုံသီးနှံများဖြစ်သော ပဲပုပ်၊ ပဲတီစိမ်း၊ မတ်ပဲ၊ အနီရောင်ကလိုဗာနှင့် အယ်ဖာဖာတို့သည် နေကြာပင်နှင့် ပေါင်းစပ်စိုက်ပျိုးလေ့ရှိကြပြီး ပဲနှင့်နေကြာပင်သည် အမြစ်အနက်ကွာခြားမှုကြောင့် အချင်းချင်း အစာရေစာဖြည့်ဆည်းပေးနိုင်ပြီး မြေဆီရှိအာဟာရနှင့်ရေကို ပိုမိုကောင်းမွန်စွာအသုံးချနိုင်သည်။ သီးနှံပင်တစ်မျိုးနှင့်တစ်မျိုး အရွက်အုပ်မိုးဖြစ်မှုကြောင့် စိုက်ခင်းမှ ရေငွေ့ပြန်မှုလျော့ကျပြီး အပင်ကို ရေဓာတ်ဆုံးရှုံးမှုနည်းပါးစေသည်။

အယ်ဖာဖာကို နေကြာသီးနှံနှင့် ပေါင်းစပ်စိုက်ပျိုးခြင်းသည် သီးနှံတစ်မျိုးတည်းစိုက်ပျိုးသော (နေကြာတစ်မျိုးတည်းစိုက်ပျိုးမှု)နှင့် တူညီသော ထွက်ရှိမှုများကိုပြသထားပြီး ပဲမျိုးစိတ်အထွက်ကိုလည်း တိုးတက်စေသည်။ ဆားဘီးယားတွင် ပြုလုပ်သော စမ်းသပ်မှုများအရ နေကြာပန်းပင်နှင့် အယ်ဖာဖာ ပေါင်းစပ်စိုက်ပျိုးခြင်းသည် နေကြာသီးနှံထွက်ရှိမှုကိုထိန်းသိမ်းနိုင်ပြီး အယ်ဖာဖာ၏ ဇီဝအလေးချိန်ကို တိုးမြှင့်ပေးနိုင်သည်ဟုပြသခဲ့သည်။ သုတေသနများအရ အာလူးမျိုးစိတ်များကို - ပြောင်းစေ့ သို့မဟုတ် နှံစားပြောင်းတို့နှင့် ပူးတွဲစိုက်ပျိုးခြင်းသည် သင့်တော်သော မိတ်ဖက်များဖြစ်သည်။ ဥပမာအားဖြင့် နေကြာနှင့်ပြောင်းစေ့ ၃ အချိုး ၁ သည် (နေကြာ ၃ တန်း၊ ပြောင်းပင် ၁ တန်း) စိုက်ပျိုးခြင်းမှာ ကြီးထွားမှုနှင့် ထွက်ရှိမှုကို ညီမျှစေပြီး နေကြာပန်း + ပဲ (နေကြာပင် ၁ တန်း၊ ပဲပင် ၁ တန်း) သည် ၁ အချိုး ၁ တွင် အကောင်းဆုံးရှင်သန်မှုလုပ်ဆောင်နိုင်သည်။ မြေပဲနှင့်အခြားပဲမျိုးစုံများကို ပေါင်းစပ်စိုက်ပျိုးခြင်းသည် မြေဆီသို့ နိုက်ထရိုဂျင်ကိုတိုးတက်စေပြီး ထပ်မံစိုက်ပျိုးနိုင်သော အသီးအနှံများမှ နိုက်ထရိုဂျင်ဓာတ်ကိုရရှိစေသည်။

လူတို့စားသုံးရန် ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီကိုသာမက ထပ်ဆင့်ထုတ်ကုန်အမျိုးမျိုးကို ထုတ်ယူသုံးစွဲနိုင်စွမ်းရှိသည်။ စိုက်ပျိုးချိန်တွင် သီးနှံတစ်မျိုးတည်း သီးသန့်စိုက်ခြင်းထက် နှစ်မျိုးကို ယှဉ်တွဲစိုက်ပျိုးခြင်းကြောင့် အထောက်အကူပြုစွမ်းရည် "စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်" Synergy ကို ပေးစွမ်းနိုင်၍ စိုက်ပျိုးသင့်သော သီးနှံပင်နေကြာကို "ဘာစိုက်စိုက်နေကြာညှပ်စိုက်" ဟုပင် ဆိုစမှတ်ရှိခဲ့ကြသည်ကို သတိမူ၍ သီးနှံပင်နေကြာတစ်မျိုးတည်းသော်လည်းကောင်း အခြားသင့်တော်ရာသီးနှံပင်များနှင့် တွဲဖက်၍သော်လည်းကောင်း စိုက်ပျိုးကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။





ဆင်ပေါင်ဝဲမြို့အခြေခံပညာအထက်တန်းကျောင်း၌ ငှက်ပျောပင်များစုပေါင်းစိုက်ပျိုး

ဆင်ပေါင်ဝဲ ဩဂုတ် ၂၂

ကျောင်းသင်ခန်းစာများအပြင် ကျောင်းသား၊ ကျောင်းသူများ၏ကိုယ်ကာယနှင့် ဉာဏ်ရည်ဖွံ့ဖြိုးရေးအတွက် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစားအစာများ မှန်မှန်စိုက်ပျိုးကျွေးမွေးနိုင်ရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ငှက်ပျောပင်စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ်လ ၂၂ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးမည့် ငှက်ပျောပျိုးပင်များအား တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဝင်းနိုင်စိုးနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများနှင့်အတူ ကျောင်းဝင်းအတွင်းရှိ သတ်မှတ်မြေနေရာများ၌ ရာသီဥတုနှင့်သင့်တော်ပြီး အထွက်နှုန်းကောင်းမွန်သည့် ငှက်ပျောပျိုးပင်ပေါင်း ၃၀၀ ကို စနစ်တကျစုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

သင်(FM)အသံလွှင့်အစီအစဉ်

၂၃-၈-၂၀၂၆(တနင်္ဂနွေ)

၁။	၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	
၂။	၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	
၃။	၁၃:၅၀	Music Crazy	
၄။	၁၄:၅၅	Sporty Zone	
၅။	၁၈:၂၀	Relaxing Moment	
၆။	၂၁:၄၀	အသံလွှင့်ဇာတ်လမ်း	

MSME များနှင့်ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

Agro-based Industries များ၊ MSMEs လုပ်ငန်းများတွင် Digital Platforms၊ Digital Payments များအပြင် လုပ်ငန်းများဆောင်ရွက်ရာတွင် သမားရိုးကျစနစ်များအစား ဒီဂျစ်တယ်အသွင်သို့ကူးပြောင်းရာတွင် AI အပါအဝင် ထွန်းသစ်စဒီဂျစ်တယ်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များပျိုးထောင်ခြင်း၊ ဒီဂျစ်တယ်စွမ်းရည်များနှင့် အသိပညာမြှင့်တင်ခြင်း၊ ပြိုင်ပွဲများနှင့် ဆွေးနွေးပွဲများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ MSME များနှင့် ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၆)တွင်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် MSMEs များနှင့် ဦးစားပေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

➠ ယူ-၁၉ ဖူဆယ်လိဂ်ဖြိုင်ပွဲမှ

UNITED CITY အသင်းနှင့် အဆင့်(၁၂) နေရာမှ MINGALARDON CITY အသင်းတို့ ပွဲတွင် UNITED CITY အသင်းက ၁၆ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိပြီး အဆင့်(၁)နေရာမှ MIU အသင်းနှင့် အဆင့်(၃)နေရာမှ YRG အသင်းတို့ပွဲတွင် တစ်ဖက်ငါးဂိုးစီဖြင့် သရေကျခဲ့သည်။

ထို့အတူ နေ့လယ်ပိုင်းပြိုင်ပွဲ အဆင့်(၈) နေရာမှ ROYAL NOKA အသင်းနှင့် အဆင့်(၂)နေရာမှ PACIFIC SUN FAR ပွဲတွင် PACIFIC SUN FAR အသင်းက ၁၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အဆင့်(၁၀)မှ SHWE PYI THAR အသင်းနှင့် အဆင့်(၇)နေရာမှ JV အသင်းတို့ပွဲတွင် JV အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၅)နေရာမှ GOLD DREAM အသင်းနှင့် အဆင့်(၆) နေရာမှ ULAD အသင်းတို့ပွဲတွင် ULAD အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၁၁)နေရာမှ BURMESE WARRIORS အသင်းနှင့် အဆင့်(၄)နေရာမှ YCDC DREAM TEAM အသင်းတို့ပွဲတွင် YCDC DREAM TEAM အသင်းက ၉ ဂိုး ၁ ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြီးခဲ့သည့် ပွဲစဉ်(၇)တွင် YRG အသင်း၊ MIU အသင်း၊ PACIFIC SUN FAR အသင်းနှင့် JV အသင်းတို့သည် ပြိုင်ဘက်အသင်းများကို ဂိုးပြတ်သွင်းအနိုင်ရရှိခဲ့ကြပြီး ယနေ့ပွဲစဉ်(၈)တွင်လည်း UNITED CITY အသင်း၊ PACIFIC SUN FAR အသင်းနှင့် YCDC DREAM TEAM အသင်းတို့ ဂိုးပြတ်သွင်း၍ ပြိုင်ဘက်အသင်းများကို အနိုင်ရယူခဲ့ကြသည်။

ဝန်းရံခ

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နယ်မြေခံတပ်မတော်သားများ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၂

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့်အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့်သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ခိုလမ်မြို့အပါအဝင် မြို့နယ် (၃) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် အပါအဝင် မြို့နယ် (၄) မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တို့ရှိဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတကာဖိတ်ခေါ်ဖလားဖူဆယ်ပြိုင်ပွဲတွင် Fire Dragon Futsal ချန်ပီယံ YCDC Dream TEAM အသင်း ကမ္ဘောဒီးယားချန်ပီယံအသင်း၊ အင်ဒိုနီးရှားချန်ပီယံအသင်းတို့နှင့် အုပ်စု(အေ)တွင်ကျရောက်

ရန်ကုန် ဩဂုတ် ၂၂

Fire Dragon Energy Drink မှ အဓိကပံ့ပိုးကူညီပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီတို့ ပူးပေါင်းကျင်းပမည့် Fire Dragon International Futsal Cup 2026 နိုင်ငံတကာဖိတ်ခေါ်ဖလားဖူဆယ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ MFF Futsal Stadium ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြည်ပနိုင်ငံများမှ ကလပ်အသင်းသုံးသင်းနှင့်ပြည်တွင်းကလပ်အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပြည်တွင်းကလပ်အသင်းများတွင် YRG FC၊ YCDC Dream TEAM FC၊ MIU FC၊ M2K FC နှင့် TG United FC အသင်းတို့ ပါဝင်ကြပြီး ပြည်ပနိုင်ငံကလပ်သုံးသင်းတွင် ကမ္ဘောဒီးယားကလပ် Lucky အသင်း၊ အင်ဒိုနီးရှား Black Steel အသင်းနှင့် ထိုင်း Black Pearl United အသင်းတို့ ပါဝင်ကြသည်။

အုပ်စု(က)တွင် YCDC Dream Team အသင်း၊ Black Steel Papua အသင်း၊ LUCKY အသင်းနှင့် TG United အသင်းတို့ပါဝင်ပြီး ၂၀၂၆ Fire Dragon Futsal ချန်ပီယံ YCDC Dream Team အသင်းသည် ၂၀၂၅ ကမ္ဘောဒီးယားဖူဆယ်ချန်ပီယံဆုရရှိထားသည့် Lucky အသင်း၊ ၂၀၁၆ နှင့် ၂၀၂၀ ခုနှစ်များတွင် League Champion နှစ်ကြိမ်ရရှိထားသည့် အင်ဒိုနီးရှား Black Steel အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ အုပ်စု(ခ)တွင် YRG အသင်း၊ MIU အသင်း၊ M2K အသင်းနှင့် ထိုင်းနိုင်ငံထိပ်တန်းဖူဆယ်ကလပ်တစ်သင်းဖြစ်သည့် Black Pearl United အသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာဖူဆယ်ပြိုင်ပွဲကို အသင်းလေးသင်းပါဝင်သော အုပ်စုနှစ်ခုခွဲကျင်းပပြီး အုပ်စုတစ်ခုလျှင် ထိပ်ဆုံးနှစ်သင်းစီ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

ပရိုးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် တန်းတက်ဟူးလ်စီးတီးအသင်းကို မန်ယူအသင်း နှစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၂၂

ပရိုးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ည နေပြည်တော်တိုင်းတွင်ဟူးလ်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့ရာ မန်ယူအသင်းက ၂ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး အဖွင့်ပွဲစဉ်တွင် တန်းတက်အသင်းကို ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဟူးလ်စီးတီးအသင်းက အသင်းခံစစ်စိုင်းကို အားပြုကစားခဲ့သည့်အတွက် မန်ယူအသင်းထိုးဖောက်ရခက်ခဲခဲ့ပြီး ပွဲချိန် ၁၇ မိနစ်တွင် အဂျာယီနှင့် ပွဲချိန် ၃၈ မိနစ်တွင် မန်ဒီတို့က ဟူးလ်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ရာ ပထမပိုင်းအပြီးတွင် ဟူးလ်စီးတီးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးများရရှိရေး မန်ယူအသင်းက ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားခဲ့သော်လည်း ဟူးလ်စီးတီးအသင်းက ခံစစ်စိုင်းအားပြုပြီး အများအယွင်းမရှိကစားနိုင်ခဲ့ကာ ပွဲပြီးဆုံးချိန်ထိ မန်ယူအသင်းအနေဖြင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် ဟူးလ်စီးတီးအသင်းက မန်ယူအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ပရိုးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစပွဲစဉ်များတွင် တန်းတက်အသင်းများကိုတစ်ကြိမ်မှ ရှုံးနိမ့်ခဲ့ခြင်းမရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် ဟူးလ်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် အဖွင့်ပွဲစဉ်တွင် တန်းတက်အသင်းကို ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းသည် ဟူးလ်စီးတီးအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်များတွင်လည်း ယခုပွဲစဉ်မတိုင်မီ ၁၀ ပွဲကစားခဲ့ရာ ရှစ်ပွဲအနိုင်ရရှိခဲ့ပြီး နှစ်ပွဲသရေရလဒ်ရရှိခဲ့ကာ တစ်ကြိမ်မှရှုံးနိမ့်ခဲ့ခြင်းမရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် ပထမဆုံးရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **စည်သူအောင်**



အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာလူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "သူရိယနေမင်း" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်နေ သန်းစိုးဦး (ခ) နေမင်းအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက်(၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၂၂

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာ မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက်အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်ရန်အတွက် ဝန်ပန်းတာတမံ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များလိုက်လံပို့ဆောင်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် သြဂုတ် ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် ယူဂန္ဒာနိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသားလေးဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏လိုအပ်သည့်



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄၄ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ် ရပ် များ လုပ် ဆောင် နေ သည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပရီမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလီဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်



မန်စီးတီး Vs ဘုန်းမောက်

ကစားမည့် ရက် / အချိန်

(၂၃-၈-၂၀၂၆ ရက် ည ၇:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘုန်းမောက် ၁ - ၁ မန်စီးတီး

မန်စီးတီး ၃ - ၁ ဘုန်းမောက်

မန်စီးတီး ၃ - ၁ ဘုန်းမောက်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

	အိမ်(နိုင်)	ဝေး(နိုင်)	ဝေး(ရှုံး)
မန်စီးတီး			
ဘုန်းမောက်	အိမ်(နိုင်)	ဝေး(သရေ)	ဝေး(ရှုံး)

ခန့်မှန်းရလဒ်

မန်စီးတီး ၂ - ၁ ဘုန်းမောက်

ဘာနာဒိုဆေးလ်ဗားနဲ့ရီခရီတိုမရှိတော့တဲ့ မန်စီးတီးအသင်းကွင်းလယ်ပိုင်းမှာ နော်တင်ဟမ်အသင်းက အန်ဒါဆန်ကို ခေါ်ယူအင်အားဖြည့်တင်းထားတယ်ဆိုပေမယ့် အန်ဒါဆန်အနေနဲ့ နော်တင်ဟမ်အသင်းမှာကစားစဉ်ကခြေစွမ်းမျိုး ကစားနိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမဲ့ လက်ရှိ မန်စီးတီးအသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာတော့ ဘုန်းမောက်အသင်းထက် အသာစီးမှာရှိနေတာကို တွေ့ရမှာပါ။ မန်စီးတီးအသင်းရဲ့ ရာသီကြိုခြေစမ်းပွဲစဉ်ရလဒ်ကိုကြည့်ရမယ်ဆိုရင် ငါးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပါတယ်။ မန်စီးတီးအသင်းက အိမ်ကွင်းမှာ ဘုန်းမောက်အသင်းကို လက်ခံကစားရတိုင်း ရလဒ်ကောင်းလေ့ရှိပြီး အိမ်ကွင်းကိုးပွဲမှာ ကိုးပွဲစလုံးကိုအနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့လို့ အခုပွဲစဉ်မှာလည်း ရလဒ်ကောင်းတစ်ခုရယူနိုင်မှာပါ။

ဘုန်းမောက်အသင်းအတွက်ကတော့ အဖွင့်ပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့တွေ့ဆုံနေလို့ ခက်ခဲနေမှာအမှန်ပါပဲ။ ဘုန်းမောက်အသင်းက အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဆိုပေမယ့် မန်စီးတီးအသင်းအိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း သရေရလဒ်တောင်ရရှိအောင်စွမ်းဆောင်နိုင်ခြင်းမရှိဘဲ ပွဲစဉ်တိုင်းရှုံးနိမ့်ထားတာကို တွေ့ရမှာပါ။ ဘုန်းမောက်အသင်းကတော့ ပြိုင်ပွဲမတိုင်မီ ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် သုံးပွဲသာကစားခဲ့ရာမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ခြေစွမ်းပိုင်းနဲ့ရလဒ်ပိုင်းတွေမှာတော့ အားရစရာမရှိပါဘူး။ လက်ရှိခြေစွမ်းပိုင်းအရလည်း မန်စီးတီးအသင်းအိမ်ကွင်းမှာ သရေရလဒ်တောင် မျှော်လင့်ဖို့မဖြစ်နိုင်ဘဲ ဂိုးပြတ်မရှုံးနိမ့်အောင်သာ ဦးတည်ပြီးပြင်ဆင်လာရမှာပါ။ ဘုန်းမောက်အသင်းရဲ့ ကစားသမားခေါ်ယူမှုအပိုင်းမှာလည်း ကြီးကြီးမားမား မရှိခဲ့လို့ ပြီးခဲ့တဲ့ရာသီက ကစားသမားတွေကိုသာ အဓိကထားအသုံးပြုရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာတော့ မန်စီးတီးအသင်းက ၁၈ ကြိမ်အနိုင်ရရှိထားပါတယ်။ ဘုန်းမောက်အသင်းကတော့ တစ်ကြိမ်သာ အနိုင်ရရှိပြီး တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ မန်စီးတီးအသင်းက အပြတ်အသတ်အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော တွေ့ဆုံမှုပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

အက်သလက်တီကို Vs ဗီလာရီးယဲလ်

ကစားမည့် ရက် / အချိန်

(၂၃-၈-၂၀၂၆ ရက် ည ၉:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဗီလာရီးယဲလ် ၅ - ၁ အက်သလက်တီကို

အက်သလက်တီကို ၂ - ၀ ဗီလာရီးယဲလ်

အက်သလက်တီကို ၁ - ၁ ဗီလာရီးယဲလ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
အက်သလက်တီကို	ဝေး(ရှုံး)		
ဗီလာရီးယဲလ်	အိမ်(နိုင်)	ဝေး(နိုင်)	ဝေး(သရေ)

ခန့်မှန်းရလဒ်

အက်သလက်တီကို ၃ - ၂ ဗီလာရီးယဲလ်

ရာသီအဖွင့်ပွဲစဉ် အိမ်ကွင်းမှာ အက်သလက်တီကိုအသင်း အနိုင်ရလဒ်စတင်နိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ အက်သလက်တီကိုအသင်းရဲ့ ရာသီကြိုခြေစမ်းပွဲစဉ်စွမ်းဆောင်ရည်ပိုင်းတွေကိုကြည့်မယ်ဆိုရင်လည်း သရေရလဒ်မရှိဘဲ သုံးပွဲအနိုင်ရရှိပြီး နှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပါတယ်။ အက်သလက်တီကိုအသင်းက အပြောင်းအရွှေ့ကာလမှာလည်း ဂါမယ်ဒို၊ လီအင်ကန်၊ ရိုမဲရိုး စတဲ့ထိပ်တန်းကစားသမားတွေကို ခေါ်ယူနိုင်ခဲ့လို့ ကစားသမားအင်အားပိုင်း ပိုမိုတောင့်တင်းမှုရှိလာပါတယ်။ အက်သလက်တီကိုအသင်းက ၂၀၂၂ ခုနှစ်က အိမ်ကွင်းမှာ ဗီလာရီးယဲလ်အသင်းကို ရှုံးနိမ့်ပြီးနောက်ပိုင်း မရှုံးနိမ့်အောင်စွမ်းဆောင်ထားနိုင်ခဲ့ပါတယ်။ အက်သလက်တီကိုအသင်းရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုအပြည့်ရှိနေလို့ ဗီလာရီးယဲလ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ကစားနိုင်မှာပါ။

ဗီလာရီးယဲလ်အသင်းကလည်း ပြိုင်ပွဲမတိုင်မီ ရာသီကြိုခြေစမ်းပွဲစဉ် ငါးပွဲကစားရာမှာ ဘင်ဖီကာအသင်းတစ်သင်းတည်းကိုသာ ရှုံးနိမ့်ပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိတဲ့အထိ ပုံစံကောင်းပြသနိုင်ခဲ့တယ်ဆိုပေမယ့် လက်ရှိပြိုင်ဘက်အသင်းက အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ အက်သလက်တီကိုအသင်းဖြစ်နေလို့ ရုန်းကန်ရဖို့တော့ရှိနေပါတယ်။ ဗီလာရီးယဲလ်အသင်းခံစစ်ပိုင်းစွမ်းဆောင်ရည်ကလည်း ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာ လိုအပ်ချက်တွေရှိနေလို့ အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ကတော့ ခက်ခဲနေမှာပါ။ ဗီလာရီးယဲလ်အသင်းက အိမ်ကွင်းဆိုရင်သာ အသင်းလိုက်ကစားပုံမာကျောမှုရှိတယ်ဆိုပေမယ့် အဝေးကွင်းဆိုရင်တော့ ခြေစွမ်းပိုင်းက စိတ်ချလို့မရသလို ခံစစ်ပိုင်းကလည်း အမှားအယွင်းများတတ်ပါတယ်။ ဗီလာရီးယဲလ်အသင်းက အပြောင်းအရွှေ့ကာလမှာလည်း ကစားသမားအင်အားဖြည့်တင်းမှု သိသိသာသာလုပ်ဆောင်နိုင်ခြင်းမရှိလို့ ပြီးခဲ့တဲ့ရာသီက ကစားသမားအများစုကိုသာ အားပြုလာရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာတော့ အက်သလက်တီကိုအသင်းက ၁၁ ကြိမ်အနိုင်ရရှိထားပါတယ်။ ဗီလာရီးယဲလ်အသင်းက ရှစ်ကြိမ်အနိုင်ရရှိခဲ့ပြီး ၁၁ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါပေမဲ့ ကစားသမားစုဖွဲ့မှုပိုင်းနဲ့ အိမ်ရှင်အားသာချက်ရှိနေတဲ့ အက်သလက်တီကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။



တိုရီနို Vs အေစီမီလန်

ကစားမည့် ရက် / အချိန်

(၂၄-၈-၂၀၂၆ ရက် နံနက် ၁:၁၅ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အေစီမီလန် ၃ - ၂ တိုရီနို

တိုရီနို ၂ - ၃ အေစီမီလန်

တိုရီနို ၂ - ၁ အေစီမီလန်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
တိုရီနို			
အေစီမီလန်	အိမ်(သရေ)	ဝေး(ရှုံး)	ဝေး(နိုင်)

ခန့်မှန်းရလဒ်

တိုရီနို ၁ - ၂ အေစီမီလန်

တိုရီနိုအသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ အေစီမီလန်အသင်းကို ရင်ဆိုင်ရမှာပါ။ တိုရီနိုအသင်းက အေစီမီလန်အသင်းကို အိမ်ကွင်းမှာ လက်ခံကစားတဲ့ပွဲစဉ်ဆိုရင် အမြဲအခက်တွေ့အောင် ကစားနိုင်ခဲ့တယ်ဆိုပေမယ့် လက်ရှိအခြေအနေမှာတော့ အေစီမီလန်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက် လိုအပ်ချက်တွေရှိနေမှာပါ။ တိုရီနိုအသင်းရဲ့ ရာသီကြိုခြေစမ်းပွဲစဉ်ရလဒ်ပိုင်းတွေကြည့်မယ်ဆိုရင် သုံးပွဲစလုံးအနိုင်ရရှိခဲ့သလို ပြီးခဲ့တဲ့ ကိုပါအီတာလီယာဖလားပွဲစဉ်မှာလည်း အနိုင်ရရှိခဲ့ပြီး ရလဒ်ကောင်းတွေဆက်တိုက်ရယူနိုင်ခဲ့တယ်ဆိုပေမယ့် အခုပွဲစဉ်မှာ ပြိုင်ဘက်အသင်းက အေစီမီလန်အသင်းဖြစ်နေလို့ အခက်တွေ့မှာအမှန်ပါပဲ။

ဒီရာသီမှာ နည်းပြအပြောင်းအလဲလုပ်ဆောင်ထားပြီး နည်းပြအမိုရင်လက်ထက်မှာ အေစီမီလန်အသင်းစွမ်းဆောင်ရည်ပိုင်းက စောင့်ကြည့်ရမှာပါ။ အေစီမီလန်အသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ထားသလို အပြောင်းအရွှေ့ကာလမှာလည်း ဂွန်ကာလိုရာမို့စ်လို ထိပ်တန်းတိုက်စစ်ကစားသမားကို ခေါ်ယူနိုင်ခဲ့လို့ အေစီမီလန်အသင်းတိုက်စစ်ပိုင်းက ပိုမိုတောင့်တင်းမှုရှိနေတာအမှန်ပါပဲ။ အေစီမီလန်အသင်းက ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာ ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်ခဲ့တယ်ဆိုပေမယ့် နောက်ဆုံးကစားခဲ့တဲ့ မန်ယူအသင်းနဲ့ခြေစမ်းပွဲမှာတော့ ပုံစံကောင်းတွေပြသနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဂွန်ကာလိုရာမို့စ်နဲ့ ဆစ်ဆီတို့ဦးဆောင်နေတဲ့ အေစီမီလန်အသင်းတိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေလို့ တိုရီနိုအသင်းခံစစ်ပိုင်းကို ပွဲချိန်ပြည့်အကောင်းဆုံးဖိအားပေးကစားနိုင်ပါလိမ့်မယ်။ နည်းပြအမိုရင်အတွက်လည်း အေစီမီလန်အသင်းနဲ့ ပထမဆုံးအီတလီစီးရီးအေပွဲစဉ်ဖြစ်နေလို့ အဝေးကွင်းဆိုပေမယ့်လည်း ရာသီအစပွဲစဉ်မှာ အနိုင်ရလဒ်အတွက် အကောင်းဆုံးဦးတည်ပြီး ပြင်ဆင်လာမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကိုကြည့်မယ်ဆိုရင်တော့ အေစီမီလန်အသင်းက ၁၅ ကြိမ်အနိုင်ရရှိထားပါတယ်။ တိုရီနိုအသင်းကတော့ ခြောက်ကြိမ်သာအနိုင်ရရှိပြီး ၁၁ ကြိမ် သရေရလဒ်ထွက်ပေါ်ထားတာကိုတွေ့ရမှာပါ။ ဒါကြောင့် တွေ့ဆုံမှုအပိုင်းမှာ အပြတ်အသတ်အသာစီးရရှိနေလို့ နည်းပြသစ်လက်ထက်မှာလည်း နိုင်ပွဲအတွက် အများခံမှာမဟုတ်တဲ့ အေစီမီလန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

စည်သူအောင်





Myanmar Mobile Money (MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ချာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



FDA- စ၅/ ၂၁၃၄၀/ ထလ

canesugarokt7 @gmail.com



ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါရို့။



အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ



ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၉၉၉၃၅၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyauksse@gmail.com

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် စိတ်ဓါဆန်းသာခြင်း၊ ကိုယ်ဓါကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆန္ဒပြုအပ်ပါသည်။

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် စိတ်ဓါဆန်းသာခြင်း၊ ကိုယ်ဓါကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် စိတ်ဓါဆန်းသာခြင်း၊ ကိုယ်ဓါကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

မြန်မာ-တရုတ်ဗုဒ္ဓဘာသာချစ်ကြည်နှီးနှောဖလှယ်ရေးအဖွဲ့ (MCBFEA)

အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (Federation of MLCA)

အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆန္ဒပြုအပ်ပါသည်။

ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိတ်ဓါဆန်းသာခြင်း၊ ကိုယ်ဓါကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့ (IUCO)

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်** အား Plekhanov Russian University of Economics မှ **ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့** အပ်နှင်းခဲ့ကြောင်း သိရှိရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိတ်ဓါဆန်းသာခြင်း၊ ကိုယ်ဓါကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်ဓါတာဝန်များကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်

ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၇-၈-၂၀၂၆** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နိုးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သပြေပင် Grade-12 တွင် ပညာသင်ကြားနေသော မိုဝိုဇင်မှူး၏ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ထွေးဖြစ်ပါကြောင်း။

ဦးကျော်နိုင်ထွေး

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဂျမ်းတိုက်ကျေးရွာအုပ်စု၊ အ.ထ.က ရွှေကျောင်း Grade-12 မှ မစင်တည်လင်း၏ဖခင်အမည်မှန်မှာ ဦးရီမွန် ၁၄/ဇလန(နိုင်)၀၉၁၆၄၉ ဖြစ်ပါကြောင်း။

ဦးရီမွန်

ပျောက်ဆုံးကြောင်း

ဟိန်းသက်ဆွေ(ဘ)ဦးမြင့်ဆွေ ၁၂/သလန(နိုင်)၁၇၂၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၄၀၈၄၆၅

မွေးသက္ကရာဇ်အမှန်

အဘ ဦးစိုးမိုးကျော် ၉/ပမန(နိုင်)၁၈၈၇၀၄ ၏သမီး CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မချစ်မှူးနွယ်၏မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၂၀၁၃ ဖြစ်ပါကြောင်း။

၂၈-၁၀-၂၀၁၃

ပျောက်ဆုံးကြောင်း

ဇင်မင်းသက်(ဘ)ဦးကျော်ဇော ၁၂/သဃက(နိုင်)၁၃၇၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 186603)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၁၇၇

ဖခင်အမည်မှန်

သုံးခွမြို့နယ်၊ အထက အောင်ပန်းစိန် Grade -12 တွင် ပညာသင်ကြားနေသော မောင်ထိန်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦးနိုင် ၁၂/ခရန(နိုင်)၁၆၅၉၀၇ ဖြစ်ပါကြောင်း။

ဦးတင်ဦးနိုင်

ဖခင်အမည်မှန်

သန်လျင်မြို့၊TTEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မဖေပရယ်မိုး၏ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၁၂/သလန(နိုင်)၁၀၄၃၀၁ ဖြစ်ပါကြောင်း။

ဦးကျော်စိုး

ဖခင်အမည်မှန်

သုံးခွမြို့နယ်၊ အထက အောင်ပန်းစိန် Grade -9 တွင် ပညာသင်ကြားနေသော မကြွယ်စင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးတင်မင်းဘိုဘိုဦး ၁၂/သခန(နိုင်)၁၃၄၂၅၃ ဖြစ်ပါကြောင်း။

ဦးတင်မင်းဘိုဘိုဦး

ဖခင်အမည်မှန်

သုံးခွမြို့နယ်၊ အထက အောင်ပန်းစိန် Grade -12 တွင် ပညာသင်ကြားနေသော မဝင့်နဒီ၏ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၁၂/သခန(နိုင်)၀၂၃၅၄ ဖြစ်ပါကြောင်း။

ဦးကျော်ဆွေ

မွေးသက္ကရာဇ်အမှန်

အဘ ဦးမောင်သောင်း၏သား ဦးကြည်လွင် ၁၂/လကန(နိုင်)၀၀၆၂၂၇ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၄-၁၉၆၅ ဖြစ်ပါကြောင်း။

၁၂-၄-၁၉၆၅

မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-7 မှ မောင်မြင့်မြတ်ဟိန်း၏မိခင်အမည်မှန်မှာ နန်းဖြူဖြူလှိုင်ဦး ၁၀/သထန(နိုင်)၀၇၁၀၇၀၇ ဖြစ်ပါကြောင်း။

နန်းဖြူဖြူလှိုင်ဦး

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၂

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့တွင် ငွေကျပ်သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၀ ရက် ည ၆ နာရီခွဲတွင် သတင်းအရ ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်(အရှေ့)ကျေးရွာအနီးတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေးနေ သန့်ဇင်ဦး(ခ)အငယ်ကောင် မောင်းနှင်လာသော JIALING SUPER CUB အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၂၀) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ်လ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဖမ်းဆီးရမိ



တရားခံ ဇေယျာလင်း(ခ)စိုင်းလုံနှင့် သန့်ဇင်ဦး(ခ)အငယ်ကောင်တို့အား ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

စိတ်ကြွဆေးပြားများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ပြင်ဦးလွင်မြို့နယ်၊ ညောင်ပင်သာရွာနေ ဇေယျာလင်း(ခ)စိုင်းလုံ(၃၉)နှစ်ကို ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအုပ်စု၊ ညောင်ပင်သာရွာအနီးတွင် ZONSEN CYCLONE အမျိုးအစား ဆိုင်ကယ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိသဖြင့် သန့်ဇင်ဦး(ခ)အငယ်ကောင်နှင့် ဇေယျာလင်း(ခ)စိုင်းလုံတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် လ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ မြို့ရှောင်လမ်းတွင် ကွတ်ခိုင်မြို့နယ်၊ ရှောက်ဟော်ကျေးရွာနေ မင်ရှကိုင်း ၃၂ နှစ် မောင်းနှင်လာသော TOYOTA MARK II အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၈၀၀၀(တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၈၀) ဖမ်းဆီးရမိသဖြင့် မင်ရှကိုင်းကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၁၀ နာရီ ၀၄ မိနစ် ၀၈ စက္ကန့်တွင် မြစ်ကြီးနားမြေလျင်စခန်းမှ အနောက် - အနောက်တောင်ဘက် ၁၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လေရှိုးမြို့၏ အရှေ့-အရှေ့တောင်ဘက် ၄၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၅.၃၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅.၆၀ ဒီဂရီ၊ အနက် ၇၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃.၆(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၈-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၇၂၅	၃၇၃၀	၃၆၈၅	၃၇၀၅	၃၇၃၅	၃၇၅၀	၃၇၈၅	၃၆၆၅	၄၀၃၀	၄၀၆၀	၃၆၈၅	၃၈၂၀	၃၇၇၅	၃၇၃၀	၃၇၆၅	၃၆၇၀
95 Ron	၃၆၆၀	၃၈၅၀	၃၈၀၀	၃၇၁၀	၃၈၅၀	၃၈၆၅	၃၉၀၀	၃၇၈၀	၄၁၄၅	၄၁၇၅	၃၈၀၀	၃၉၄၀	၃၈၉၀	၃၈၄၅	၃၈၆၀	၃၈၉၀
HSD (500 ppm)	၄၀၇၀	၄၂၂၀	၄၁၇၅	၄၀၈၅	၄၂၂၅	၄၂၄၀	၄၂၇၀	၄၁၇၅	-	၄၃၃၅	၄၁၇၅	၄၂၆၀	၄၂၆၀	၄၂၂၀	၄၂၆၀	၄၄၄၀
HSD (50 ppm)	၄၉၂၅	၅၀၈၀	၅၀၃၀	၄၉၄၀	၅၀၈၀	၅၀၉၅	၅၁၃၀	၅၀၁၀	၅၁၇၅	၅၄၀၅	၅၁၃၀	၅၁၂၀	၅၁၂၀	၅၀၈၀	၅၀၉၀	၅၁၃၀
HSD (10 ppm)	၄၉၂၅	၅၀၈၀	၅၀၃၀	၄၉၄၀	၅၀၈၀	၅၀၉၅	၅၁၃၀	၅၀၁၀		၅၄၀၅	၅၁၃၀	၅၁၂၀	၅၁၂၀	၅၀၈၀	၅၀၉၀	၅၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၄၈၄	၃၄၈၅
95 Ron	၃၄၉၅	၃၅၀၉
HSD (500 ppm)	၃၈၈၆	၃၉၀၃
HSD (50 ppm)	၄၆၈၇	၄၈၁၀
HSD (10 ppm)	၄၆၈၇	၄၈၁၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင်ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

"ဟဲ့ ... မစော ဘယ့်နှယ်ဟာလဲ"

"ဟုတ်ပါပြီကိုကို့ရေ၊ အခုမှ မမလေးပြောတာတွေ ကျွန်မရိပ်မိတယ်၊ အစကတော့ မရိပ်မိပေဘူး၊ ဒီလာတုန်းက မမလေးက မျက်နှာလည်း မကောင်းဘူးကိုကို့ရဲ့၊ ကျွန်မကိုလည်း သူမရှိတဲ့နောက် ကလေးတွေနဲ့ အတူနေရစ်ပါလို့ မှာသွားရှာသေးတယ်ကိုကို့ရဲ့"

မောင်ထွန်းမြတ်လည်း မစောကို ရှူးနေပြီထင်မှတ်၍ မစဉ်းစားတတ်အောင်ဖြစ်လျက်နေလျှင် -

"ကိုကိုက ကျွန်မပြောတာမယုံဘူးလား၊ အဟုတ်ပဲ ကိုကို့ရေ့ အဟုတ်ပါပဲ၊ မမလေးက စိတ်မချမ်းသာရှာဘူး၊ ဒါကြောင့် ဒီလိုလုပ်တာပဲ"

"ဟဲ့... မစော နင်ရူးနေသလား၊ မမလေးစိတ်ညစ်ရအောင် ဘာဖြစ်လို့လဲ"ဟု ပြောဆဲတွင် မျက်မှန်းပုံလည်း အခန်းတွင်းသို့ဝင်လာလေ၏။

"ဘယ့်နှယ်လဲ၊ ခင်စိန်ကြည်တွေ့ပြီလား"

"မတွေ့သေးဘူး အစ်မကြီးရဲ့၊ တွေ့ရင်လည်း အရှင်တော့တွေ့မှာ မဟုတ်ပါဘူး၊ အလောင်းသာ တွေ့တော့မှာပဲ၊ မမလေးသေတဲ့အတွက် ကိုကိုတော့ အပြစ်တင်ဖို့မရှိဘူး၊ အစ်မကြီးကိုသာ အပြစ်တင်ဖို့ ရှိတယ်၊ အစ်မကြီးက မမလေးစိတ်ညစ်အောင်ချည်းပဲ လုပ်နေတာပဲ၊ ဟုတ်သားပဲ အစ်မကြီးက"

"မစော နင်ဘာဖြစ်သလဲ၊ ရူးသလား၊ ခင်စိန်ကြည်ဘယ်မှာလဲ ပြောစမ်းပါ"

"မမလေးစိတ်ညစ်လို့ သွားသတ်သေပြီ အစ်မကြီးရဲ့၊ ကျွန်မပြောတာ မကြားဘူးလား၊ နေစရာမကောင်းအောင် အစ်မကြီးကချည်းပဲ လုပ်နေတာပဲ၊ ဒီဟာဝယ်လည်းဝယ်ပြန်ပြီ၊ ထိုင်နေလည်းနေနိုင်တယ်၊ ကိုယ့်အိမ်ကိုယ်မင်းနေရတာမှမဟုတ်ဘဲ၊ အစ်မကြီးက မြည်လိုက်၊ တွန့်လိုက်၊ အော်လိုက်၊ ငေါက်လိုက် မရိုက်တာတစ်မည်လိုတော့တာပဲ၊ ဒါတောင် မမလေးက ဘယ်လောက်သည်းခံနိုင်သလဲလို့ ကိုကို့တောင်မပြောဘူး မေးကြည့်ပါလား၊ ကိုကို့ကိုပြောသလားလို့၊ ဒါတွေကို ကိုကိုများသိရရင်လား ဘယ်လောက်အသည်းနာလိုက်မလဲ" ဟု မရပ်မဆိုင်းဘဲ လျှင်မြန်စွာ ပြောလေလျှင် မောင်နှမနှစ်ယောက်စလုံး အံ့အားသင့်လျက် စကားမပြောနိုင်ကြဘဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် နေကြလေ၏။

ထို့နောက် မောင်ထွန်းမြတ်က -

"ဘာပြောတယ် မစော၊ ငါကောင်းကောင်းနားမလည်လိုက်ပါဘူး" ဟုပြောလျှင် "ဟုတ်တယ် ကိုကို့ရဲ့၊ ကိုကို့ကို ကျွန်မပြောမလို့ ကြံနေတာကြာလှပြီ၊ အခုမှတော့ ထူးလည်းမထူးပါဘူး၊ မမလေး ဒီအိမ်ရောက်တဲ့နေ့ကစပြီး မမလေးအတွက် ကိုကို့မှာ အကုန်အကျများသလေး၊ ဒုက္ခရောက်လိမ့်မယ်လေးနဲ့ တတွတ်တွတ်ပြောနေတာပဲ၊ အဖိုးမတန်တဲ့ဟာလေး တစ်ခုလို့ချင်တာတောင် ကိုကို့မွဲအောင်လုပ်နေကြတယ်တဲ့၊ ဒီကနေ့ ညသွားဖို့ဟာမှာလည်း မမလေးက လုံချည်အသစ်တစ်ထည်ဝယ်ချင်တာ အစ်မကြီးကြောင့် မဝယ်ရဘူး၊ ခင်မကြီးကို အင်္ကျီချုပ်မလို့ဟာလည်း အစ်မကြီးက မချုပ်ရဘူးဆိုလို့ မချုပ်ရဘူး။ မမလေးက အသုံးအစွဲပက်စက်လွန်းလို့ ကိုကို့မှာ မမလေးအသုံးတော်ခံနိုင်အောင် နွားလိုလုပ်နေရသတဲ့၊ တကယ်ဆိုတော့ မမလေး ဘယ်နေရာပက်ပက်စက်စက် သုံးစွဲရလို့လဲ၊ ဘယ်တော့မှ ဒီလိုသဘောမရှိရှာပါဘူး၊ ကျွန်မသိပါတယ်၊ ကိုကိုလည်းသိပါတယ်၊ အစ်မကြီးလည်းသိမှာပါပဲ၊ ဒီလိုပြောတဲ့အခါ ကျမှဖြင့် မမလေးက မျက်ရည်ကလေးလည်လို့ လက်ကလေးပိုက်ပြီး မှိုင်နေရှာတာပါပဲ၊ မမလေးသဘောက သူများနဲ့တူတာမဟုတ်ဘူး၊ အင်မတန်နူးညံ့တယ်၊ ကြမ်းကြမ်းတမ်းတမ်းပြောလိုက်ဆိုလိုက်လို့

မောင်ထွန်းမြတ်သည် ပြင်းစွာတုန်လှုပ်လျက်၊ နှုတ်ခမ်းတို့သည်လည်း ပြာလျက်ရှိသည်ကို အနီးတွင် ရပ်လျက်ရှိသော မစောမြင်သဖြင့် သနားမိရှာလေ၏။ မောင်ထွန်းမြတ်လည်း စာရွက်ကိုကိုင်၍ ကယောင်ချောက်ချားနှင့် အခန်းပြင်သို့ ထွက်သွားမည်ပြုလုပ်ပြီး မထွက်ဘဲ ဒိုင်ယာရီစာအုပ်ကိုထုတ်၍ စာရွက်ကိုညှပ်ပြီးလျှင် စာအုပ်ကို အိတ်ထဲသို့ပြန်ထည့်၍ မစောအား "ဒီအကြောင်း ဘယ်သူ့မှမပြောနဲ့နော်"ဟုပြောရာ. . .

ခံတတ်ရှာတာ မဟုတ်ဘူး၊ ကိုကိုတော့ သိမှာပါပဲ၊ အစ်မကြီးကတော့ မသိတတ်လို့ပြောတာပဲ၊ ဒါကြောင့် အခုဒီလိုဖြစ်တာ"

မောင်ထွန်းမြတ်လည်း အစ်မကြီးမဂျမ်းပုံဘက်သို့လှည့်၍ -

"ဟုတ်လားအစ်မကြီး"ဟုမေးလျှင် မဂျမ်းပုံမှာ တစ်သက်တွင် ဤမျှလောက်စကားမပြောနိုင်အောင်မရှိဖူးဘဲ မျက်နှာမည်းလျက် ငေးနေလေလျှင် မောင်ထွန်းမြတ်လည်း အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ်မှာ ခင်စိန်ကြည်သည် မည်မျှလောက်ပင် စိတ်ညစ်ညူးသော်လည်း မိမိကိုယ်မိမိ ဘယ်နည်းနှင့်မျှ သတ်၍သေမည်မဟုတ်။ အိမ်ပြင်သို့ထွက်၍ လမ်းလျှောက်နေမည်ထင်သည်ဟု အောက်မေ့၍ ဝင်းတွင်းသို့လိုက်ရှာရန် အင်္ကျီထပ်၍ဝတ်နေစဉ် မစောလည်း စာတစ်စောင်ကိုကိုင်လျက် "မမလေး မှန်တင်ခုံအံဆွဲထဲကတွေ့တယ် ကိုကို့ရေ့၊ မမလေးလက်ရေးပဲ"ဟုပြော၍ ပေးလေ၏။ မောင်ထွန်းမြတ်လည်း စာကိုယူ၍ကြည့်ရာ -

"ကိုထွန်းမြတ်"ဟု စာအိတ်ပေါ်တွင် ရေးထားသည်ကိုမြင်လျှင် မောင်ထွန်းမြတ်သည် မိမိ၏စိတ်ကို အစဉ်မပြတ်ချုပ်တည်းနိုင်သော လူတစ်ယောက်ဖြစ်လျက်နှင့် စာအိတ်ကိုဖွင့်စဉ်အခါ လက်တို့သည် ဆတ်ဆတ်တုန်လျက်ရှိကုန်၏။

ထိုစာမှာ -

"ကလေးတို့သည် ကြီးပြင်း၍ သိတတ်သောအရွယ်ရောက်သည့်အခါ မိခင်သည် သူတို့အား အဘယ်ကြောင့် ပစ်၍သွားလေသည်ဟု မေးခဲ့ပါလျှင် သူတို့၏ဖခင်ဆိုးသည့်အတွက် မနေနိုင်သောကြောင့် ထွက်သွားရသည်ဟု ပြောရစ်ပါလေ။ သူတို့၏မိခင်သည် ဘယ်ကဲ့သို့ ပုံပန်းရှိသည်၊ မည်သည့်အမျိုးအနွယ်ဖြစ်သည်အကြောင်းကိုမေးလျှင်လည်း ပြောလိုလျှင် ပြောရစ်ပါလေ"

ဤစာကိုတွေ့ရှိလျှင် မောင်ထွန်းမြတ်သည် ရုတ်တရက်ဖတ်၍ မရနိုင်ဘဲ စာရွက်သည် မျက်စိအောက်တွင်လည်လျက်နေဘိသကဲ့သို့ ရှိလေ၏။ စာကိုဖတ်၍ ပြီးလျှင်ပြီးချင်း အနီးတွင်ရှိသော ပက်လက်ကုလားထိုင်ပေါ်တွင် လဲ့ချပြီးလျှင် မိမိသည် ခင်စိန်ကြည်မနေနိုင်လောက်အောင် မည်သည့်နေရာ၌ ဆိုးသွမ်းခဲ့သည်ကို စဉ်းစား၍မရနိုင်ဘဲရှိရှာ၏။ မိမိသည် ခင်စိန်ကြည်နှင့်အကြောင်းပါသည့်နေ့မှစ၍ ခင်စိန်ကြည်အား အထူးသဖြင့် အရေးဂရုပြုပြီးလျှင် မည်သည့်နေရာမျှ လိုလေသေးမရှိရစေရန် ကြိုးစားအားထုတ်၍ စောင့်ရှောက်ခဲ့သည်မှန်၏။ မစောပြောသည့်စကားအတိုင်း အစ်မကြီးသည် ခင်စိန်ကြည်အပေါ်၌ ဆိုးခဲ့သည်မှန်စေကာမူ မိမိသည် ဤအကြောင်းကိုမျှ မသိရသောကြောင့် အလိုတူအလိုပါဟူ၍လည်းမဆိုနိုင်။ ၎င်းအတွက်လည်း မိမိဆိုးသည်ဟူ၍လည်း မဆိုနိုင်သဖြင့် စာကို နောက်တစ်ကြိမ်ထပ်၍ ဖတ်ပြန်ရာ အစေခံတို့သည် နိုးကြပြီဖြစ်၍ အခန်းအပြင်တွင် မိနှစ်ကမောင်မျှားအား "ကိုသက်ညွှန့်လည်း ဘယ်ရောက်သွားမှန်းမသိဘူး၊ သူ့အခန်းမှာလည်း မရှိဘူး"ဟု ပြောသံကိုကြားလျှင် -

မောင်ထွန်းမြတ်သည် ပြင်းစွာတုန်လှုပ်လျက်၊ နှုတ်ခမ်းတို့သည်လည်း ပြာလျက်ရှိသည်ကို အနီးတွင်ရပ်လျက်ရှိသော မစောမြင်သဖြင့် သနားမိရှာလေ၏။ မောင်ထွန်းမြတ်လည်း စာရွက်ကိုကိုင်၍ ကယောင်ချောက်ချားနှင့် အခန်းပြင်သို့ ထွက်သွားမည်ပြုလုပ်ပြီး မထွက်ဘဲ ဒိုင်ယာရီစာအုပ်ကိုထုတ်၍ စာရွက်ကိုညှပ်ပြီးလျှင် စာအုပ်ကို အိတ်ထဲသို့ပြန်ထည့်၍ မစောအား "ဒီအကြောင်း ဘယ်သူ့မှမပြောနဲ့နော်" ဟုပြောရာ။

"ဘာတဲ့လဲကိုကို၊ မမလေးသေပြီတဲ့လား"

"မသေဘူး၊ သေတာထက် ဆိုးတော့မပေါ့"ဟု ပြောဆဲတွင် ခင်မကြီးသည် အိပ်ရာမှလန့်နိုးး၍ ထိတ်လန့်သောမျက်နှာဖြင့် အခန်းတွင်းသို့ဝင်လာ၍ -

"ဘာဖြစ်ကြသလဲ ဖေဖေ၊ မေမေကော"ဟု မေးလျှင် -

မစောက "ကလေး ဘာပြုလို့ထလာသလဲ၊ အအေးမိလိမ့်မယ် သွားအိပ်ချေလေ"ဟုပြောရာ -

"အိပ်ပါမယ် နေပါဦး၊ မေမေကော ဘယ်မှာလဲ" ဟု ထပ်၍မေးပြန်လျှင် -

"မနက်ကျမှပေါ့ ကလေးရဲ့၊ ဘယ့်နှယ်လဲ ကိုကို၊ ခင်မကြီး ပြန်အိပ်ရမယ်မဟုတ်ဘူးလား"ဟုပြောလျှင် မောင်ထွန်းမြတ်သည် ကြားဟန်လက္ခဏာမရှိဘဲ ခင်မကြီး၏ပခုံးကိုကိုင်၍ မစောအား ပြပြီးလျှင် "ဒီကနေ့ကစပြီး မမကြီးနော်"ဟုပြော၍ အခန်းပြင်သို့ထွက်သွားရာ မစောလည်း မှိုင်လျက်နေရစ်လေ၏။

ဆက်လက်ဖော်ပြပါမည်။

အာဟာရပြည့်ဝတန်ဖိုးမျှ အစားအစာချက်ပြုတ်ပြိုင်ပွဲကျင်းပ



ရန်ကုန် သြဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် ခရိုင်အဆင့် အာဟာရပြည့်ဝတန်ဖိုးမျှ အစားအစာချက်ပြုတ်ပြိုင်ပွဲကို သြဂုတ်လ ၂၂ ရက်တွင် ဒဂုံ(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ဇုန်စီမံခန့်ခွဲရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲထက်အောင်က အမှတ်ပေးပုံစံများနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်ဖြစ်သော ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်တို့မှ ပြိုင်ပွဲဝင်အသင်းများက အာဟာရပြည့်ဝသည့်အစားအစာများကို သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျချက်ပြုတ်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုရရှိသောအသင်းများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

နေမျိုးအောင်

ပေါင်မြို့နယ်၌ မြန်မာ့ဒီရေတောများအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော

ပေါင် သြဂုတ် ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(သဲဖြူကုန်း) ၌ မြန်မာ့ဒီရေတောများအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို သြဂုတ်လ ၂၁ ရက်ကကျင်းပရာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဇော်လွင်ဦးက ဒီရေတောများ၏အခြေအနေနှင့်အသုံးဝင်ပုံများ၊ ဒီရေတောကမ်းရိုးတန်းသယံဇာတများ ပျက်စီးဆုံးရှုံးရသည့်အကြောင်းရင်းများနှင့် ကမ်းရိုးတန်းဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့်ဆွေးနွေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများအား အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့်သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအောင်မြင်စေရေး သံရုံးတွင်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့်သင်တန်းသားများအား ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် Double Tress by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းသားများတက်ရောက်ကြသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ➥



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



ကရင်ပြည်နယ် ရသေ့ပျံဂူနှင့် အလင်္ကာအင်းခရီးစဉ်ဒေသ ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိ

ဘားအံ ဩဂုတ် ၂၂

ကရင်ပြည်နယ်အတွင်း ခရီးစဉ်ဒေသအသစ်များထပ်မံဖော်ထုတ်၍ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်သော ခရီးစဉ်ဒေသများဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရသေ့ပျံကျေးရွာ၊ ရသေ့ပျံဂူနှင့် အလင်္ကာအင်းသည် မြို့ပြရှုပ်ထွေးမှုများနှင့်ကင်းဝေးသော အေးချမ်းသည့် ပတ်ဝန်းကျင်ဒေသဖြစ်သည့်အတွက် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ●

MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် UNITED CITY၊ PACIFIC SUN FAR နှင့် YCDC DREAM TEAM အသင်းတို့ ဂိုးပြတ်နိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၂၂

အားကစားရေးရာဝန်ကြီးဌာနနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပပြုလုပ်သည့် MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ကျင်းပရာ UNITED CITY၊ PACIFIC SUN FAR နှင့် YCDC DREAM TEAM အသင်းတို့ ဂိုးပြတ်နိုင်ပွဲများ ရရှိခဲ့ကြသည်။

ယနေ့ယှဉ်ပြိုင်မှုတွင် ပွဲစဉ်ခြောက်ပွဲပါဝင်ပြီး နံနက်ပိုင်းပြိုင်ပွဲ အဆင့်(၉)နေရာမှ

စာမျက်နှာ ၂၄ ကော်လံ ၃ ➠



မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်မှပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ▼